ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ သောကြာနေ့၊ (8-8-2008) (၅၇၆၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အာဆီယံပဋိညာဉ်စာတမ်းသည် အာဆီယံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များနှင့်အညီ အဖွဲ့ကြီး၏ အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်နိုင်ကြမည်

နေပြည်တော် ဩဂုတ် ၈

(၄၁)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ထူထောင်သည့် (၄၁)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် အာဆီယံအဖွဲ့ကြီးအနေဖြင့် လွန်ခဲ့သော (၄၁)နှစ်တာ ကာလအတွင်း ရရှိခဲ့သည့် အောင်မြင်မှုများအတွက် များစွာ နှစ်ထောင်းအားရ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သည့် ဇူလိုင်လက အာဆီယံပဋိညာဉ်စာတမ်းအား အတည်ပြုချုပ်ဆိုနိုင်ခဲ့ခြင်းကိုလည်း ကျွန်ုပ်အနေဖြင့် များစွာဂုဏ်ယူမိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်လျက်ရှိခြင်းကြောင့် ယခုနှစ်သည် အာဆီယံအဖွဲ့ကြီးအတွက် အထူးအရေးပါသည့် အသွင်ကူးပြောင်းရေး ကာလတစ်ရပ်ဖြစ်ပါသည်။ အာဆီယံ၏ အရေးပါသည့် သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် တွင်ကျန်ခဲ့မည့် အာဆီယံပဋိညာဉ်စာတမ်းသည် အာဆီယံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ပဋိညာဉ်စာတမ်း၏ ရည်ရွယ်ချက်များနှင့်အညီ အဖွဲ့ကြီး၏အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း စသည့် အာဆီယံ၏မဏ္ဍိုင် (၃)ရပ်ကို အာဆီယံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အပြီးသတ် အကောင်အထည်ဖော်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်း ပေါ်ထွန်းလာခြင်းအားဖြင့် အခြားအာဆီယံပြည်သူများနှင့်အတူ မြန်မာပြည်သူများအနေဖြင့်လည်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ ကြွယ်ဝချမ်းသာရေးနှင့် လူမှုရေး-ယဉ်ကျေးမှုဖွံ့ဖြိုး တိုးတက်ရေး စသည့် အသီးအပွင့်များကို မျှဝေ ခံစားနိုင်မည် ဖြစ်ပါသည်။ လွန်ခဲ့သော (၄၁)နှစ်တာကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံရေး-လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုစသည့် နယ်ပယ်များတွင် အစိုးရချင်းနှင့် ပြည်သူများအချင်းချင်း စိတ်ရင်းစေတနာကောင်းများထားရှိမှု၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဩဂုတ် ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၄ ကော်လံ ၅ သို့** ❁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် ပေကျင်း အိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၈-၈-၂၀၀၈
(သောကြာနေ့)

ပြည်သူ့ သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-ကူဝိတ် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်

ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ဩဂုတ် ၆ ရက်က နေပြည်တော်သို့ ရောက်ရှိလာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသည့် ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံခဲ့သည်။

ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘားသည် ချစ်ကြည်ရေးခရီးစဉ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ကူဝိတ်နိုင်ငံဝန်ကြီးချုပ်၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဩဂုတ် ၆ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုအားပေးရေးနှင့် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်တို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးမှုထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိရာ ယခုကဲ့သို့ ကူဝိတ်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ဖော်ဆောင်ခြင်းဖြင့် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ ကူဝိတ်နိုင်ငံဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေရုံသာမက နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း တိုးမြှင့်ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ။

လာရောက်တွေ့ဆုံ

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ် Mr. Shimba Kazuya (Member of the House of Councillors of Japan) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၇

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr. Shimba Kazuya (Member of the House of Councillors of Japan) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စက်မှုနှင့် စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် ဩဂုတ် ၇

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇန ဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ) သည် တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဩဂုတ် ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီအသစ်များ အနေဖြင့် ဩဂုတ် ၇ ရက်မှစ၍ လည်းကောင်း၊ ယောဂီအဟောင်းများ အနေဖြင့် ဩဂုတ် ၁၅ ရက် နောက်ဆုံးထား၍လည်းကောင်း လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၅၇၁၂၅၈ သို့ နောက်ဆုံးထား စာရင်းပေးနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရ မြို့တော် စည်ပင်ဝန်ထမ်းမိသားစု၏ သား၊ သမီး ကျောင်းသား၊ ကျောင်းသူများ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၆ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ခြောက်ဘာသာ ဂုဏ်ထူးရှင် မချောစုလတ်စန္ဒီအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(၁၉)

ပေးအပ်လှူဒါန်း

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလ မာရဇိန် ကြေးသွန်းဘုရားကြီး၏ တန်ဆောင်း ပြာသာဒ် တတိယဘုံဆင့်အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ဒေါက်တာ ခင်မောင်ထွေး-ဒေါက်တာတင်တင်ဝေ၊ သား မောင်တင်ထက်ကိုကိုနှင့် မောင်ရဲလင်းပိုင်၊ သမီး မရွှန်းလဲ့ဝေ မိသားစုက အလှူငွေကျပ် ၅၀၄၀၀၀ ကို ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် အဖွဲ့ထံ ဇူလိုင် ၂၇ ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

စီးပွားရေးကျင့်ဝတ်များဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ပြန်ကြားရေးနှင့် သတင်းနည်းပညာ မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ ဟောပြောပွဲ (၈/၀၇-၀၉)ကို ဩဂုတ် ၃ ရက်မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI OfficeTower မင်္ဂလာခန်းမ၌ ကျင်းပရာ အသင်းချုပ်အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဥက္ကဋ္ဌများ၊ အသင်းချုပ်ဗဟို အလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က အမှာစကား ပြောကြားသည်။

ထို့နောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွဲဖက်ပါမောက္ခဒေါက်တာ ဒေါ်မိုးမိုးခိုင်က "ဗုဒ္ဓ၏စီးပွားရေး ကျင့်ဝတ်" (Buddha Economic Ethics) ခေါင်းစဉ်ဖြင့် ဟောပြောပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် K.M.D Co., Ltd ဒါရိုက်တာ ဦးဗိုလ်ဗိုလ်လွင်တို့က ဟောပြောသူ ဒေါက်တာ ဒေါ်မိုးမိုးခိုင်အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံကြီး၌ ဇူလိုင် ၂၀ ရက်က သံဃာတော်အရှင်သူမြတ်များအား အမှုဆောင်အဖွဲ့နှင့် ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်း ၁၀၈ စုံ ဆက်ကပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်က ဓနုဖြူမြို့ ချမ်းသာကြီးစာသင်တိုက် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

(ကြေးမုံ)

စွမ်းရည်ပြိုင်ပွဲ အားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ၂၀၀၈ ခုနှစ် ပဲခူးတိုင်း ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို တက်ရောက်အားပေးစဉ်။

(သတင်းစဉ်)

ဗိုလ်ချုပ်ကိုကို ပဲခူးတိုင်း ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲနှင့် ပဲခူးတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၇

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းနှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် ဩဂုတ် ၅ ရက် နံနက် ၇ နာရီခွဲတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၌ကျင်းပသော တောင်ငူတပ်နယ်မိသားစုများ၏ ၂၀၀၈ ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တပ်နယ်ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးခန်းမဆောင်၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး သော်တာက တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးထားရှိမှုနှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူ စံပြဧက ၁၀၀ စိုက်ပျိုးထားသည့်နေရာ၊ ဆီကြိတ်စက်ရုံ ဆောက်လုပ်မည့်နေရာတို့ကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကိုကိုက သတ်မှတ်စံနှုန်းများနှင့်အညီ စိုက်ပျိုးရေး၊ ဘိုင်အိုဒီဇယ် ထုတ်လုပ်ရေးနှင့် ထုတ်လုပ်ရရှိသော ဘိုင်အိုဒီဇယ်ဖြင့် ဆီကြိတ်စက်ပြန်လည်မောင်းနှင်အသုံးပြုရေးတို့ကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ကြက်ဆူဆီ ကြိတ်စက်ထားရှိမည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တပ်နယ်ခြံစည်းရိုးကြက်ဆူစိုက်ခင်းတွင်ခြံစည်းရိုးကြက်ဆူပင်များကို ဗိုလ်ချုပ်ကိုကိုနှင့် တိုင်းမှူးတို့က တပ်ရင်း၊ တပ်ဖွဲ့မှူးများထံပေးအပ်ပြီး ခြံစည်းရိုးကြက်ဆူပျိုးခြံအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့မိသားစုများနှင့်အတူ ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စိုက်ပျိုးပေးကြပြီး စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ၂၀၀၈ ခုနှစ် ပဲခူးတိုင်း ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကျင်းပသည့် ပဲခူးတိုင်း တောင်ငူခရိုင် တောင်ငူမြို့နယ် အင်တိုင်းကျေးရွာရှိ လယ်မြေသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်၏ စီးပွားရေးသည် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးဖြစ်သောကြောင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ၏ ဘဝမှာလည်းတစ်ပါတည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးမှုအနေဖြင့် တစ်နိုင်ငံလုံး၌ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် လျာထားဧက ၁၇၂၁၁၈၂၀ ရှိပြီး ပဲခူးတိုင်းအနေဖြင့် လျာထားဧက ၃၀၁၁၁၈၂ ဖြစ်သဖြင့် တစ်နိုင်ငံလုံး စပါးစိုက်ဧက၏၁၇ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း၊ နိုင်ငံတော်၏ ဒုတိယအများဆုံးစိုက်ပျိုးသည့် တိုင်းဖြစ်၍ ပဲခူးတိုင်းသည်နိုင်ငံတော်၏ ဒုတိယစပါးကျီအဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် မိုးစပါးဧက ၃၀ ဒသမ ၅ သိန်းစိုက်ပျိုးရန် လျာထားသည့်အနက် ယနေ့အထိ မိုးစပါးဧက ၂၉ သိန်းကျော် စိုက်ပျိုးပြီးစီးပြီဖြစ်၍ ပဲခူးတိုင်းတစ်တိုင်းလုံး ၉၇ ဒသမ ၃၃ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် သတ်မှတ်လျာထားဧက ပြည့်မီရုံမက ကျော်လွန် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သဖြင့် ယခုကဲ့သို့ ထွန်တုံးပိတ်ပွဲ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင်လည်း နွေစပါးဧက၄၅၀၀၀၀ အထိ တိုးချဲ့စိုက်ပျိုးသွားရန် သတ်မှတ်ထားပြီးဖြစ်သောကြောင့် ယခင်နှစ်ကအတိုင်း သတ်မှတ်လျာထားချက်ထက် ကျော်လွန်အောင် စိုက်ပျိုးသွားနိုင်ရေး ပြင်ဆင်စရာရှိသည်များကို ကြိုတင်ပြင်ဆင်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံမှ ရေတော် မိုးတော် ထွန်တုံးပိတ်ပြီးစီးမှု အစီရင်ခံစာများကို လက်ခံယူသည်။

ဆက်လက်၍ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ကြမည့်ပြိုင်ပွဲဝင်များက ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြရာ ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များက ပြိုင်ပွဲယှဉ်ပြိုင်မှုကို လိုက်လံအားပေးကြည့်ရှုကြပြီး လယ်ကွင်းများအတွင်းသို့ ငါးကောင်ရေမျိုး ၅၀၀၀၀ စိုက်ထည့်ပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တာဝန်ရှိသူများက ဆုရအသင်းများကို ဆုချီးမြှင့်ကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ဒုတိယဆုရ တောင်ငူခရိုင် (က)အသင်းနှင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲတွင် ဒုတိယဆုရ သာယာဝတီခရိုင်အသင်းတို့အား ငွေသားတံဆိပ်နှင့် ဆုတံဆိပ်များ ချီးမြှင့်သည်။ ထို့နောက်ဗိုလ်ချုပ်ကိုကိုက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပထမဆုရ ပဲခူးခရိုင်(က)အသင်းနှင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ ပထမဆုရ ပြည်ခရိုင်အသင်းတို့အား ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေးပစ္စည်း အရောင်းပြခန်းများ၊ လယ်ယာသုံး စက်ကိရိယာ အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အခြေခံပညာ အထက်တန်းကျောင်း (နတ်စင်ကုန်း)ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူ၊ တိုင်းပညာရေးမှူး ဦးဘုန်းမြင့်လွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ဗိုလ်ချုပ်ကိုကိုက ကျောင်းဆောင်သစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်၍ ဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း) ကျောင်းဆောင်သစ် ဖြစ်မြောက်ရေး ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ကျောင်းဆောင်သစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ် အဆောက်အအုံ စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက လက်ခံယူသည်။

ယင်းနောက် တောင်ငူမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် တင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ကျောင်းဆောင်သစ်သည် ရှစ်ခန်းတွဲ၊ နှစ်ထပ် သံကူကွန်ကရစ် ကျောင်းဆောင်ဖြစ်ပြီး အလျား ပေ ၂၈၀၊ အနံ ပေ ၃၀ ရှိကာ ပညာရေးဝန်ကြီးဌာနမှ ခွင့်ပြုငွေ ကျပ် ၁၃၅ သိန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အလှူရှင်များက လှူဒါန်းငွေကျပ် ၈၉၅ သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၁၆၇၂သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့သည် ပဲခူးမြို့ ပဲခူးမြစ်ကူးတံတား တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိရာ တံတားအထူး အဖွဲ့(၂) စီမံကိန်း အင်ဂျင်နီယာမှူး ဦးခင်မောင်ဆွေက တံတားနှင့်ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက အရည်အသွေးပြည့်မီရေးနှင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြား၍ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းသော သောက်ရေသန့် အသုံးပြုရန်အတွက် ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အသင်းကြီးက ဖြည့်စွက်တပ်ဆင်လှူဒါန်းမည့် ငွေကျပ် ၂၅၀၀၀၀၀ တန်ဖိုးရှိ သောက်ရေသန့်စက်ကြီး တပ်ဆင်နိုင်ရေးအတွက် ဇူလိုင် ၃၁ ရက်တွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ဦးဆောင်ပြီး ကျောင်းသားဟောင်းများ(၂၀၀၇-၂၀၀၈)၊ ဆရာ၊ ဆရာမများ၊ အလှူရှင်များ မတည်လှူဒါန်းငွေကျပ် ၁၇၀၀၀၀၀ ကို ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်က မွန်ပြည်နယ် အသင်းထောက် ဥက္ကဋ္ဌ ဒေါ်မြင့်အေး(လူမှုထူးချွန်ပထမဆင့်)ထံ ပေးအပ်စဉ်။ (၃၀၇)

ရွှေဥမင်ဓမ္မသုခတောရရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် ကုန်းတလပေါင် စံပြကျေးရွာရှိ ရွှေဥမင်ဓမ္မသုခ တောရရိပ်သာတွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများကို ပြုပြင်ပြီးဖြစ်၍ ရိပ်သာကို ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ရာ ဩဂုတ် ၁၀ ရက် (တနင်္ဂနွေနေ့)၌ ရိပ်သာ၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို နံနက် ၉ နာရီတွင် ဆင်ယင်ကျင်းပ၍ ဧည့်ပရိသတ်များအား နံနက်စာဖြင့် ဧည့်ခံလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၇

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေး ပစ္စည်းများသည် ဩဂုတ် ၅ ရက်တွင် စုစုပေါင်း ၉ ဒသမ ၉၅ တန်နှင့် ဩဂုတ် ၆ ရက်တွင် စုစုပေါင်း ၅၇ ဒသမ ၆ တန်တို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံရိပ်မွန်အိမ်ရာနေ ဦးအောင်ဘော်ဟိန်း-ဒေါ်ခင်ကြည်သာကျော်၊ သမီး နှစ်ဦးလာဘ် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ် ၂၅၉၀၀၀ တန်ဖိုးရှိ Fowler's bed & Bed side locker များ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။

(ကြေးမုံ)

အာဆီယံအသိုက်အဝန်းထူထောင်ရာတွင် အောင်မြင်မှုရရှိစေရန်အတွက် အာဆီယံနိုင်ငံအသီးသီးမှ ပြည်သူများ ပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိ

*** အာဆီယံမှ**

ယုံကြည်ကိုးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ခဲ့ကြပါသည်။ ယင်းကဲ့သို့ အောင်မြင်မှုများအပေါ် အခြေခံ၍ အဖွဲ့ဝင်နိုင်ငံများသည် အာဆီယံ အသိုက်အဝန်းကို မျှော်မှန်းထားသည့်အတိုင်း ထူထောင်နိုင်မည်ဟု ယုံကြည်ကြပါသည်။

ထို့အပြင် အာဆီယံသည် သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ ရောဂါပျံ့ပွားမှုစသည့် ကိစ္စရပ်များအား အရေးပေါ်ဖြေရှင်းဆောင်ရွက်ပေးမှုလုပ်ငန်းစဉ်များတွင် အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ နာဂစ်မုန်တိုင်းဒဏ် ခံစားရသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အာဆီယံက မြန်မာနိုင်ငံအား အကူအညီပေးအပ်လျက်ရှိကြောင်းကို ကောင်းစွာသိရှိကြပါသည်။

အာဆီယံအသိုက်အဝန်းထူထောင်ရာတွင် အောင်မြင်မှုရရှိစေရန်အတွက် အာဆီယံနိုင်ငံအသီးသီးမှ ပြည်သူများ ပါဝင်ဆောင်ရွက်ကြရန် တာဝန်ရှိပါသည်။ သို့ဖြစ်ရာ ကျွန်ုပ်တို့ မြန်မာပြည်သူ ပြည်သားများအနေဖြင့်လည်း **"တစ်ခုတည်းသော အသွင်လက္ခဏာ၊ တစ်ခုတည်းသော အသိုက်အဝန်းသို့ ၂၀၁၅ ခုနှစ်တွင် အရောက်လှမ်းရန်"** ဆိုသည့် ယခုနှစ်ဆောင်ပုဒ်နှင့်အညီ အာဆီယံအသိုက်အဝန်းထူထောင်ရာတွင် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ (သတင်းစဉ်)

❁ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဗိုလ်ချုပ်မောင်ရှိန်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Guan Mu၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပမည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။
(သတင်းစဉ်)

သာကေတ မူလမင်းကွန်းဓမ္မရိပ်သာ ဝါဆိုသင်္ကန်းကပ်ပွဲ

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် မူလမင်းကွန်း ဓမ္မရိပ်သာကျောင်း၌ ဒသမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၂၃ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)

ပြည်နယ်နှင့်တိုင်း အသီးသီးမှ ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဩဂုတ် ၇

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သား မိသားစုများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ မကွေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၀၂၃၅၉၀၀၊ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများက ငွေ ၈၄၀၆၁၉၃ ကျပ်နှင့် ငွေကျပ် ၁၉၆၈၉၈၅၀ တန်ဖိုးရှိ ဆန် ၄၅၇ အိတ်နှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ လူသုံးကုန်ပစ္စည်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေ ကျပ် ၁၄၂၅၀၀၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ဩဂုတ် ၇ ရက်အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေ ၁၅၂၀၉၄၈၂၇၈၅ ကျပ် ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်ထွေးထွေးညွှန့်၊ ဒေါ်ခင်နွယ်နွယ်၊ ဒေါ်သဇင်နွယ်နှင့် ဒေါက်တာခင်မြဝင်းတို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့များမှ လှူဒါန်းသည့် လူနေအိမ် ၁၉ လုံး ဆောက်လုပ်ရန် ငွေကျပ် ၁၁၄ သိန်းနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှတစ်ဆင့် Asia Pacific Lady Friendship Association က လှူဒါန်းသည့် အိမ် ငါးလုံးအတွက် ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းကြစဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၈-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ အမျိုးသားရေး တေးကဗျာ
- ၄း၄၀ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၅၀ ၈။ အမျိုးသားရေး တေးကဗျာ
- ၅း၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ပျော်ရွှင်ပါစေ" (အပိုင်း -၅၁)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေး တေးကဗျာ
- ၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ - ရေးဖွဲ့သီရာ စာကဗျာ လင်္ကာ(၁)
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "အဖြူရောင် မြွေမင်းသမီးလေး" (အပိုင်း -၃၇)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် မုံရွာနှင့်ကလေးခရိုင်တို့မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၇

မုံရွာမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် မုံရွာတပ်နယ်ရှိ ဇေယျာသီရိခန်းမ၌ တပ်နယ်အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး မိသားစုဝင်များအား အဝတ်အထည်များ ပေးအပ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြက်ဆူအထူးဇုန် (၁)တွင် လယ်ယာ(၁၆) လက်တွန်းလယ်ထွန်စက်များ သရုပ်ပြမောင်းနှင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မုံရွာမြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြီး မုံရွာခရိုင်အနေဖြင့် ဆီဖူလုံပိုလျှံမှုရှိသော်လည်း ဒေသတွင်း ဆန်ဖူလုံပိုလျှံပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေး၊ သီးနှံများစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် မုံရွာခရိုင်ရှိ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မြို့နယ်များအလိုက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့အတွက် ငွေကျပ် ၁၀ သိန်းနှင့် မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့အတွက် ငွေကျပ်တစ်သိန်းတို့ကို တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး နှစ်ထပ်တိုးချဲ့ဆောင်သစ် ဆောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံက တိုးချဲ့ဆောင်သစ်ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သီရိသုဓမ္မဓဏီဇောတရေဦးစိုးသိန်း(မနေအောင်ကုမ္ပဏီ)က ဆေးရုံဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်က လက်ခံသည်။ ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ပြည်သူ့ဆေးရုံ နှစ်ထပ်တိုးချဲ့ဆောင်သစ် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ချင်းတွင်းတံတား(မုံရွာ)သို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်အုန်းမြင့်က တံတားရေရှည်ကြံ့ခိုင်ရေးနှင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်၊တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်မုံရွာ-ယာကြီး-ကလေးဝလမ်း မိုင်တိုင်အမှတ်(၂၆)အနီး မုံရွာတပ်နယ် တပ်ရင်းတပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူ ဧက ၁၁၀၀ စိုက်ခင်းသို့ ရောက်ရှိပြီး ဖြစ်ထွန်းအောင်မြင်နေသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့သည် တင်ဝင်းထွန်းကုမ္ပဏီ၏ စီးပွားဖြစ် စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းသို့ ရောက်ရှိကြ၍ တာဝန်ရှိသူတို့က စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်အုန်းမြင့်က လိုအပ်သည်များမှာကြားပြီး အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့သည် ကြက်ဆူအထူးဇုန်(၁)ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်အုန်းမြင့်က ကြက်ဆူစိုက်ခင်းများအတွင်း ဝင်ငွေတိုးတက်စေရန်နှင့် မြေဆီထက်သန်စေရန် ပဲအမျိုးမျိုးကို ကြားသီးနှံအဖြစ် စိုက်ပျိုးရေး၊ ကြက်ဆူကြိတ်ဖတ်များအား သဘာဝမြေသြဇာအဖြစ် ပြန်လည်အသုံးပြုရေးနှင့် ကြက်ဆူသီး ဆွတ်ခူးရာ၌ အလေအလွင့် နည်းပါးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်နှင့်အဖွဲ့ဝင်များသည် ကြက်ဆူပျိုးပင်များနှင့် ခင်းကျင်းပြသထားသည့် ကြက်ဆူစေ့များ၊ ကြက်ဆူဆီအသုံးပြု၍ ကြက်ဆူစေ့များကြိတ်ခွဲနေမှု၊ ကြက်ဆူဆီမီးဖို အသုံးပြုနေမှု၊ ရေစုပ်စက်များ ခုတ်မောင်းနေမှုနှင့် လယ်ယာ(၁၆) လက်တွန်းလယ်ထွန်စက်များ သရုပ်ပြမောင်းနှင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မုံရွာ-ယာကြီး-ကလေးဝ လမ်းအတိုင်း ဆက်လက်ထွက်ခွာပြီး မိုင်တိုင်အမှတ်(၅၈)ရှိ ကနီမြို့နယ် လာပို့ကျေးရွာသို့ ရောက်ရှိကြပြီး ဗိုလ်ချုပ်အုန်းမြင့်က ကျေးရွာလူမှုရေးအသင်းအဖွဲ့ဝင်များအတွက် ဝတ်စုံစရိတ် ထောက်ပံ့ငွေကျပ် ငါးသိန်းကို ကျေးရွာဥက္ကဋ္ဌထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မုံရွာ-ယာကြီး-ကလေးဝလမ်းမိုင်တိုင်အမှတ် (၆၆/၃)ရှိ မြေသားလမ်း ခင်းကျင်းထားရှိမှု အခြေအနေနှင့် မိုင်တိုင်အမှတ်(၆၈/၂)တွင် စက်ယန္တရားဖြင့် မြေသားလမ်းချဲ့နေမှု၊ မြေညှိခြင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ် (၉၄/၇)ရှိ လဘင်တံတားနှင့် မြင်ဦးရွာအနီး အခြေခံပညာ မူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်နှင့် အဖွဲ့ဝင်များသည် မုံရွာ-ယာကြီး-ကလေးဝလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ ကလေးဝမြို့သို့ ရောက်ရှိကြပြီး ကလေးဝမြို့ ချင်းတွင်းမြစ်သာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်နှင့် တိုင်းမှူးတို့က ဂဇက်ကျေးရွာ ချင်းဆက် အရှည်ပေ ၂၄၀ရှိ သံမဏိကြိုးဆိုင်း သစ်သားတံတား ဆောက်လုပ်ရန် အလှူငွေကျပ် ၁၀ သိန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့များအတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းစီကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ လှူဒါန်းသော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ပညာရေးဝန်ကြီးဌာနမှ လှူဒါန်းသော စာရေးကိရိယာများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ လှူဒါန်းသော အဝတ်အထည်နှင့် အိုးခွက်၊ ပန်းကန်များကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကလေးဝမြို့မှ ဆက်လက်ထွက်ခွာလာရာ ကလေးမြို့သို့ ရောက်ရှိကြပြီး ညပိုင်းတွင် ဗိုလ်ချုပ်အုန်းမြင့်သည် ကလေးမြို့ရှိ ရွှေဘုံသာဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် ထန်းတပင်လမ်းနေ ဒေါ်မြပို(၈၄)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကရွှေရတု၊ ငွေရတုကျောင်းတော်ကြီးအတွက် အလှူငွေကျပ်လေးသိန်းကို အနုနာယကဆရာတော်ထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တီ-နီ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေပြား ရွှေသင်္ကန်းနှင့် အလှူငွေများ ရေစက်ချလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၇

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၄၉၁)ကြိမ်မြောက် ရွှေပြား ရွှေသင်္ကန်းနှင့် အထွေထွေဝေယျာဝစ္စ အလှူငွေများ ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ အလှည့်ကျ ဂေါပကအဖွဲ့ထံ အလှူရှင်များက ရွှေပြား ရွှေသင်္ကန်းနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသထံမှ အလှူရှင်များက ရေစက်ချတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။

လှူဒါန်း

ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ရွှေပြား ရွှေသင်္ကန်းနှင့်အထွေထွေဝေယျာဝစ္စအတွက် အလှူရှင် ၁၄၆၉ ဦးတို့က အလှူငွေ ၁၉၉၀၃၅၉၉၂ ကျပ်ကို လှူဒါန်းကြသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် လှူဒါန်း

ရန်ကုန် ဩဂုတ် ၇

ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းမြို့နယ် ထော်ပုဏ္ဏား၊ ငှက်ကျွန်း၊ အုန်းချောင်း၊ ဒီးဒူးကုန်းကျေးရွာများမှ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများနှင့် ကျေးရွာပြည်သူများအား ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စံပြသာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောသလ္လ (ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်)အား အမှူးထား၍ ရန်ကုန်အရှေ့ပိုင်းခရိုင် စည်ပင်သာယာရေးအဖွဲ့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောလွင်၊ အကျိုးဆောင် ဦးဇော်ဝင်းနှင့်ဝန်ထမ်းများ၊ ဒေါက်တာဒေါ်မိုးမိုး အ-ထ-က(၁) လှိုင်ကော်မိသားစုနှင့် ဒေသခံအလှူရှင် ဦးမောင်ကြီး၊ ဦးမျိုးခိုင်စိုးတို့ စုပေါင်းပါဝင်သောအဖွဲ့သည် ဇူလိုင် ၁၇ ရက် (ဝါဆိုလပြည့်နေ့)က ယင်းလေဘေးသင့်ဒေသများသို့ သွားရောက်၍ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာပြည်သူများအား စုစုပါင်းငွေကျပ် ၁၆ သိန်း ခုနစ်သောင်းတန်ဖိုးရှိ အဝတ်အထည်၊ လုံချည်၊ ခြင်ထောင်၊ စောင်၊ မိုးကာအင်္ကျီ၊ ခေါက်ဆွဲခြောက်၊ အစာအိမ်ဆေး၊ တိုင်းရင်း ဆေးမျိုးစုံနှင့် ငွေကျပ်ငါးသောင်းတို့ကို လေဘေးသင့် ကျေးရွာပြည်သူများလက်ဝယ်အရောက် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။
(အောက်ပုံ) (၅၀၆)

ပန်းနဲ့ပေါက်တာဆိုသော်လည်း....

ငွေးအောင်(ခရီးသွား)

ငယ်စဉ်ကသူငယ်ချင်းတစ်သိုက်ဝိုင်းဖွဲ့မိသည့်အခါတိုင်း မေတ္တာဘွဲ့သီချင်းများကို ဆိုညည်းလေ့ရှိကြ၏။ မှတ်မိသမျှ ကိုသန်းလှိုင်၊ စန္ဒရားချစ်ဆွေ၊ စန္ဒရားလှထွတ်၊ ကိုအံ့ကြီး၊ ကိုတင်လှိုင် . . . စသဖြင့် သူတို့၏သီချင်းများကို အားပါးတရသီဆိုခဲ့ကြသည်။ အဆိုပါ သီချင်းများထဲတွင် ကိုသန်းလှိုင်နှင့် စန္ဒရားချစ်ဆွေတို့၏ သီချင်းများကို ကျွန်တော်နှစ်ခြိုက်ခဲ့မိသည်။ အထူးသဖြင့် ကိုသန်းလှိုင်၏ ကံ့ကော်မြိုင်တန်း၊ သည်နွေသည်မိုးသည်ဆောင်း၊ စန္ဒရားချစ်ဆွေ၏မွှေးလွန်းသည့်ပန်း၊ ချောကလျာသီချင်းများက ကာရန်ညီသည်။ အဓိပ္ပာယ်လည်းပေါ်လွင်သည်။ ဆိုရသည်မှာလည်း ထိထိမိမိရှိသည်။ မြန်မာသံစဉ်လည်း ပီပြင်သည်။ ထို့ကြောင့် ကိုယ့်အတွေးနှင့်ကိုယ်၊ ကိုယ့်ခံစားမှုနှင့်ကိုယ် ဆိုလို့ကောင်းနေခဲ့မိသည်။ သီချင်းများဆိုသည့်အခါတိုင်း ပန်းသည်တစ်နေရာရာမှ ပါလာစမြဲ။ ပန်းကိုချစ်ခြင်းမေတ္တာ၏ သင်္ကေတဟုပင်ဆိုရလေမလား။ အမှန်စင်စစ် ပန်းသည်ချစ်ခြင်းမေတ္တာ၏ သင်္ကေတသာမက၊ လုပ်ငန်း၏ အောင်အတိတ် အောင်နိမိတ်၊ ခွင့်လွှတ်ခြင်း၏ရှေ့တော်ပြေး၊ မိန်းကလေးတို့၏ အဆောင်အယောင်များပင် ဖြစ်လေသည်။

ကျွန်တော်တို့ကျောင်းသားဘဝ မေမြို့ (ယခုပြင်ဦးလွင်)တွင် ရှိစဉ်က ချစ်သူထံချယ်ရီပန်းခြောက်တွေပို့သည့် အလေ့အထရှိခဲ့ကြသည်။ ချစ်သူထံကပြန်လာသည့် ပိတောက်ပန်းခြောက်တွေ စာအုပ်ကြားထဲက ထွက်ကျပြီး အတန်းထဲတွင် ရယ်မောလှောင်ပြောင်ခံကြရသည့် အဖြစ်တွေကလည်း မနည်း။ ယခု ဒုတိယနှင့်တတိယ ကြားကာလအရွယ်တွင် ပန်းနှင့်ပတ်သက်၍ ဆက်စပ်သည့်အကြောင်းအရာ များများစားစား မရှိတော့။ ဘုရားတင် ပန်းအိုးထိုးတာလောက်ပဲရှိတော့သည်။

သို့သော်လည်း မကြာခင်က မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဆရာဦးထွန်းလွင်က နာဂစ်ဆိုသည်မှာ အာရေဗျဘာသာစကားအခေါ် ပန်းဟူ၍ အဓိပ္ပာယ်ရကြောင်း၊ မြန်မာတိုင်းမ်ဂျာနယ်တွင် ဖော်ပြသွားရာ ဤပန်းမှာ မည်သို့သော ပန်းမျိုးဖြစ်ရသည်ကို သိချင်စိတ်ပြင်းပြသွားမိသည်။ ပန်းနှင့် ပတ်သက်လျှင် ဆိုးဆိုးရွားရွားဆို၍ ပန်းနီနီမပေးနဲ့ကွယ် မပန်ချင်ဘူးဆိုသည့် သီချင်းသာ ကြားဖူးခဲ့ရာ ယခု နာဂစ်ပန်းမှာ သာမန်ပန်းမဟုတ်။ လူသားတို့ အသက်ပေါင်းများစွာကို အချိန်တိုအတွင်း စတေးခဲ့သည့် ကပ်ပန်းကြီးဟု ဆိုရလေမလား မသိပါ။

ဤအကြောင်းကို စိတ်ဝင်စားမိသဖြင့် သက်ဆိုင်သူ တစ်ဦးထံမေးမြန်းကြည့်ရာ ဆိုင်ကလုန်းမုန်တိုင်းများကို အမည်သညာသတ်မှတ်ထားရှိကြောင်း၊ ဒေသအတွင်း အလှည့်ကျသည့်နိုင်ငံက ပေါ်ပေါက်လာသည့် မုန်တိုင်းကို အမည်ရွေးချယ်ပေးရန်တာဝန်ရှိကြောင်း၊ နာဂစ်ပေါ်သည့်အခါ အလှည့်ကျ နိုင်ငံတစ်နိုင်ငံက ရွေးချယ်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ဤသို့ဖြင့် ဆိုင်ကလုန်းမုန်တိုင်းများ ဖြစ်ပေါ်သည့်အခါ အမည်နာမယှဉ်တွဲလျက် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းသိရသည်။

မိုးဦးကျစတွင် ရာသီဥတုဆိုးရွားတတ်သည်မှာ ဓမ္မတာ။ အဝင်တစ်ချက်၊ အထွက်တစ်ချက်ကြုံရစမြဲ။ ဤအခါတွင် အသွားအလာအနေအထိုင် ဆင်ခြင်ကြရသည်။ မြန်မာနိုင်ငံသည် ပင်လယ်ကမ်းခြေဆက်စပ်ဒေသဖြစ်ပြီး မြစ်ချောင်းများလည်း ပေါများရာ အထူးသဖြင့် မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများသည် မိုးဒဏ်လေဒဏ်ကို နှစ်စဉ်ခံစားကြရသည်။ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းရှိပြီး လေဖိအားနည်း ရပ်ဝန်းပေါ်ပြီဆိုလျှင် စစ်တွေ၊ ကျောက်ဖြူ၊ ငပလီ၊ ဂွ၊ ပုသိမ်၊ ချောင်းသာစသည့် နယ်မြေများသည် သတိထားရစမြဲ။

ကျွန်တော်ငယ်စဉ်က ပုသိမ်၊ ဟိုင်းကြီး၊ ချောင်းသာ၊ မန်းကျည်းစင်၊ ဘောမိဘက်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ၁၉၇၆/၇၇ ခုနှစ်ပတ်ဝန်းကျင်တွင် ပုသိမ်သည် မုန်တိုင်းဒဏ် တစ်ကြိမ် ပြင်းပြင်းထန်ထန်ခံခဲ့ရသည်။ ထိုစဉ်က ပုသိမ်တွင် ကျွန်တော်ရှိနေသည်။ မိုးကြီးလေကြီးကျသည်။ သစ်ပင်တွေ ပြိုလဲကုန်သည်။ အမိုးတွေ လန်ပျံကုန်သည်။ သို့ရာတွင် နာဂစ်လောက် ကြောက်စရာမကောင်းခဲ့၊ နာဂစ်လို အချိန်မကြာခဲ့၊ နာဂစ်ကဲ့သို့ အဆုံးအရှုံး မများခဲ့ချေ။

စစ်တွေဘက်သို့ မုန်တိုင်းဝင်စဉ်ကလည်း စစ်တွေ၊ မြောက်ဦးရှိ ဟိုတယ်နှစ်လုံးမှာ အပျက်အစီးရှိခဲ့သည်။ မြို့ပေါ်တွင်လည်း ဆုံးရှုံးမှုများရှိခဲ့သည်။ သို့ရာတွင် နာဂစ်ထက်တော့ အများကြီး သက်သာသည်။ နာဂစ်နှင့် နှိုင်းစာလျှင် အပရိကသာ ဖြစ်၏။

လွန်ခဲ့သည့် ၂၀၀၆ခုနှစ်က မြစ်ဝကျွန်းပေါ်ဒေသတွင် မာလာမုန်တိုင်း ဝင်ရောက်ခဲ့သည်။ ငပလီတွင် အပျက်အစီးအနည်းငယ်ရှိသည်။ ငွေဆောင်၌ ဟိုတယ်အချို့ ပျက်စီးခဲ့သည်။ ထိုစဉ်က ချောင်းသာမှာ အဆိုးဆုံးဟု ဆိုရမည်။ လမ်းတစ်လျှောက် အမှိုက်သရိုက်များ ရှုပ်ပွနေသည်။ အပင်တွေ ပြိုလဲကုန်သည်။ အဆောက်အအုံအချို့ပျက်စီးကုန်သည်။ သို့ရာတွင် နာဂစ်နှင့် နှိုင်းဆပါက ဘာမျှမရှိ။ ရေလွှမ်းမိုးမှုဒဏ်ကိုလုံးဝ မခံခဲ့ရချေ။ လူသူအသေအပျောက်လည်း လုံးဝမရှိခဲ့ကြောင်း သိရသည်။

နာဂစ်သည် ထုံးစံအတိုင်း ဘင်္ဂလားပင်လယ်အော်တွင် အခြေပြု၍ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ရာက စတင်ခဲ့သည်။ တဖြည်းဖြည်းနှင့် အစက်အပြောက်မှ အလုံးအထည်ကြီးမားလာသည်။ လေထုက အစောပိုင်းတွင်ပင် အချင်းဝက် မိုင် ၂၁၀ ခန့်ရှိသည်။ ယင်းလေထုကြီးက တဖြည်းဖြည်းချင်း ရွေ့လျားလျက်ရှိ၏။ သို့ဆိုလျှင် ဤလေထုကြီးအောက်ကလွတ်ဖို့ နာရီများစွာ ကြာမည်။ ဤလေထုကြီးရှိနေစဉ် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၂၀ခန့် အနည်းဆုံးရှိသည်။ ယင်းလေထုကြီးသည် ပုံမှန်သွားနေကျလမ်းကြောင်းအတိုင်းမသွားဘဲ အရှေ့ဘက်သို့ လမ်းကြောင်းပြောင်းလဲလာသည်။ နာဂစ်၏ လားရာသည် တဖြည်းဖြည်းနှင့် အတွင်းကျကျနေရာကို ဝင်ရောက်လာတော့သည်။ အခြေခံ ကယ်ဆယ်ရေးလုပ်ငန်းကို နိုင်ငံတော်၏ ကြီးကြပ်မှုဖြင့် အချိန်တိုအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

စင်စစ် ဆူနာမီသည် မြေငလျင်ကို အခြေခံ၍ ဖြစ်ပေါ်လာခဲ့သော ကပ်ဆိုးကြီးဖြစ်သည်။ နာဂစ်သည် လေမုန်တိုင်းဖြစ်ရာ ကမ်းခြေဒေသသာမက ကုန်းတွင်းပိုင်းကိုပါ ထိခိုက်ပျက်စီးစေသည်။ ရေအားသာမက လေအားဒဏ်ကြောင့် ဆုံးရှုံးမှု ပိုမိုများပြားသည်။ နာဂစ်သည် ဤနှစ်မျိုးလုံး ရောစပ်သည်။ လေအားသက်သက် မဟုတ်တော့ဘဲ ပင်လယ်လှိုင်းလုံးကြီးများပါ တက်လာခဲ့သည်။ ထို့ကြောင့် ကမ်းခြေဒေသများတွင် အစုလိုက် ပျက်စီးဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

နာဂစ်မတိုင်မီ ရက်ပိုင်းအတွင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အာရှနှင့်ပစိဖိတ် ခရီးသွားလုပ်ငန်းအသင်းကြီးက အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ ပါဝင်သည့် ကွန်ဖရင့်တစ်ရပ် ကျင်းပခဲ့သည်။ အဓိကမှာ ရာသီဥတု ပြောင်းလဲမှုသည် ယခုအခါ ခရီးသွားလုပ်ငန်းအတွက် စိန်ခေါ်မှုတစ်ခုဖြစ်လာရာ ယင်းကို မည်သို့ထိန်းသိမ်းကာကွယ် စီမံမည်ကို ပညာရှင်များ ပါဝင်လျက် ဆွေးနွေးအဖြေရှာသည့် ပွဲပင်ဖြစ်သည်။ ဤကွန်ဖရင့်ဖြစ်မြောက်ရေးအတွက် အိမ်ရှင်ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့၊ ဒေသတွင်းလေကြောင်းဌာနများအဖွဲ့နှင့် ဟိုတယ်လုပ်ငန်းအဖွဲ့များ ပူးပေါင်းပါဝင်ကြသည်။ ဤပွဲတွင် အာရှပစိဖိတ်ခရီးသွားအသင်းနာယက၊ အသင်းဥက္ကဋ္ဌနှင့် ထိုင်းခရီးသွားလုပ်ငန်းနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားရာတွင် ဤစိန်ခေါ်ပွဲ၏ အန္တိမရည်မှန်းချက်မှာ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော အစိုးရနှင့် ပုဂ္ဂလိကနယ်ပယ်မှ အကြီးအကဲများ၏ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်မှုဖြင့် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရာတွင် အခြေခံကျသည့် မူဝါဒနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်တို့ကို ရေးဆွဲဖော်ထုတ်ရန်ပင်ဖြစ်ကြောင်း၊

> **နာဂစ်အားလျော့ပျောက်ကွယ်သွားသည့်အခါ လူသားတို့သည် ထုံးစံအတိုင်း ပြန်လည်ရုန်းထလာကြသည်။ လူကြီးများသည် မုန်တိုင်းဒဏ်ခံစားရသည့် နယ်မြေများကို ချက်ချင်းသွားရောက်ကြည့်ရှုအားပေးကြသည်။ ဒုက္ခသည်များအား ကယ်ဆယ်ရေး၊ လမ်းကြောင်းရှင်းလင်းရေးနှင့် လုပ်ငန်းများ ပုံမှန်အနေအထား ပြန်လည်ရောက်ရှိရေးတို့အတွက် ဇယ်စက်သလို နေ့ညမရပ်မနား လုပ်ကိုင်လှုပ်ရှားကြသည်။ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုသည် လူအား၊ ငွေအား၊ ပစ္စည်းအားတို့ဖြင့် ရက်ရက်ရောရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။**

တစ်သက်နှင့်တစ်ကိုယ် တစ်ခါဖူးမျှ ဤမျှလောက် ပြင်းပြင်းထန်ထန်မခံစားခဲ့ဖူးသဖြင့် လူထုမှာ အငိုက်မိသွားခဲ့သည်။ နာဂစ်သည် တိုက်ခတ်ရုံနှင့်မပြီး အချိန်ကြာမြင့်စွာ စိမ်နေခဲ့သည်။ ထို့ကြောင့် အထိအခိုက်အဆုံးအရှုံးများခဲ့ခြင်း ဖြစ်သည်။ လေနှင့်အတူ ရေရောပါလာသဖြင့် မြေပြန့်ဒေသသည် ရေလွှမ်းမိုးမှုဒဏ်ပါ ခံစားခဲ့ရသည်။ မုန်တိုင်း၏ ပြင်းအားကို ကျန်ရစ်ခဲ့သည့်မြင်ကွင်းက သက်သေခံလျက်ရှိ၏။ ရန်ကုန်မြို့၏ မြင်ကွင်းသည်ပင် နေ့ချင်းညချင်း လုံးဝပြောင်းလဲသွားသည်။ သစ်ပင်ကြီးများသည် မြင်မကောင်းအောင် ပြိုလဲနေကြ၏။ ဓာတ်တိုင်တို့သည် အတုံးအရုံး၊ တယ်လီဖုန်းကြိုး၊ လျှပ်စစ်ဓာတ်ကြိုးတို့သည် တိုးလိုးတွဲလောင်း။ မြင်ကွင်းသည် ရှုပ်ထွေးပြီး စိတ်နောက်ကျိဖွယ်ရာဖြစ်သည်။ ယခင်က မိုးရွာပြီးစဆိုလျှင် ပတ်ဝန်းကျင်သည် စိမ်းစိမ်းစိုစိုနှင့် မျက်စိပသာဒရှိလှ၏။ ယခုကား ဤသို့မဟုတ်ပြီ။ မပြိုလဲဘဲ ကျန်ခဲ့သည့် သစ်ပင်တို့သည်လည်း အရိုးအပြိုင်းပြိုင်း၊ စုတ်တိစုတ်ဖွား၊ ခြောက်တိ ခြောက်သယောင်း လေပြင်းသည့်အခါ အပူဓာတ်ပါ တိုးပွားလာပြီး အရွက်များကို လောင်ကျွမ်းပစ်ပုံရသည်။

နာဂစ်အားလျော့ပျောက်ကွယ်သွားသည့်အခါ လူသားတို့သည် ထုံးစံအတိုင်း ပြန်လည်ရုန်းထလာကြသည်။ လူကြီးများသည် မုန်တိုင်းဒဏ်ခံစားရသည့် နယ်မြေများကို ချက်ချင်းသွားရောက် ကြည့်ရှုအားပေးကြသည်။ ဒုက္ခသည်များအား ကယ်ဆယ်ရေး၊ လမ်းကြောင်းရှင်းလင်းရေးနှင့် လုပ်ငန်းများ ပုံမှန်အနေအထား ပြန်လည်ရောက်ရှိရေးတို့အတွက် ဇယ်စက်သလို နေ့ညမရပ်မနား လုပ်ကိုင်လှုပ်ရှားကြသည်။ ကယ်ဆယ်ရေး လုပ်ငန်းများတွင် ပြည်သူလူထုသည် လူအား၊ ငွေအား၊ ပစ္စည်းအားတို့ဖြင့် ရက်ရက်ရောရော ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ၏ ဖြစ်စဉ်အခြေအနေအမှန်ကို ကမ္ဘာက သိရှိသွားသည့်အခါ စိုးရိမ်ပူပန်ကြသည်။ ကိုယ်ချင်းစာနာကြသည်။ ဖြစ်သည့်နည်းနှင့် အမြန်ဆုံးကယ်တင်စောင်မလိုကြသည်။ ထို့အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့သည်။ လေဘေးဒဏ်ခံစားရသည့် ဒေသများသို့သွားရောက်ကာ ပြည်သူများကို ကြည့်ရှုအားပေးသည်။ မေလ ၂၅ ရက်နေ့တွင် ကျင်းပသည့် ကတိကဝတ်ပြုသည့် ကွန်ဖရင့်၌ နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ပြည်သူများအား အဘက်ဘက်က ဝိုင်းဝန်း ပါဝင်ကူညီရန် နှိုးဆော်တိုက်တွန်းခဲ့သည်။ **ကုလသမဂ္ဂ၏ ကူညီမှုကြောင့် ကယ်ဆယ်ရေး အထောက်အပံ့များ အထိုက်အလျောက် ရရှိခဲ့သည်။ ပြည်ပမှ အထောက်အပံ့များ မရမီကပင် သဒ္ဓါထက်သန်သော တိုင်းရင်းသားပြည်သူများသည် အားတက်သရော ကူညီလှူဒါန်းနေကြခြင်းဖြစ်ရာ**

အာရှပစိဖိတ်ခရီးသွားလုပ်ငန်း အသင်းကြီးသည် ယနေ့ရင်ဆိုင်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်း၍ ခရီးသွားဧည့်သည်များအား အကူအညီပေးရန်နှင့် ၎င်းတို့ဘက်က အလေးထားစဉ်းစားဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ ဤပြဿနာကို ဖြေရှင်းနိုင်သည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပြီး ပူးပေါင်းလုပ်ကိုင်ခြင်း၊ ညှိနှိုင်းပေါင်းစပ်ခြင်းတို့ဖြင့် အကောင်အထည် ဖော်ဆောင်ရမှာဖြစ်ကြောင်း စသည်ဖြင့် ပြောကြားကြသည်။

ခရီးသွားနယ်ပယ်တွင် အထူးသဖြင့် လေကြောင်းခရီးစဉ် ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာ၌ အဓိကစဉ်းစားရန် အကြောင်းအချက်တစ်ရပ်အဖြစ် ရှိလာသည်။ လေယာဉ်များက ထုတ်လွှတ်သည့် မီးခိုးများ၊ အင်ဂျင်စက်သံများ၊ စက်သုံးဆီသုံးစွဲမှုများက ကန့်သတ်ချက်ဖြစ်လာသည်။ လေကြောင်းအဖွဲ့များက လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကစတင်၍ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို စနစ်တကျထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ လေယာဉ်ဆီမှထွက်သည့် မီးခိုးများ လျော့နည်းစေခဲ့ကြောင်း၊ အင်ဂျင်စက်သံကို ၇၅ ရာခိုင်နှုန်းထိ လျှော့ချနိုင်ခဲ့ကြောင်း၊ ယခုအခါ လေယာဉ်ဆီ၏ စွမ်းရည်ကို ၇၀ ရာခိုင်နှုန်းခန့် တိုးမြှင့်နိုင်ခဲ့ပြီး လာမည့် ၂၀၂၀ ပြည့်နှစ်တွင် ထပ်မံ၍ ၂၅ ရာခိုင်နှုန်း တိုးမြှင့်နိုင်မည်ဖြစ်ကြောင်း၊ လေယာဉ်များမှ ထုတ်လွှတ်သော မီးခိုးငွေ့သည် စက်မှုလုပ်ငန်းများမှ ထွက်သောမီးခိုးငွေ့များနှင့်နှိုင်းစာလျှင် မပြောပလောက်ကြောင်း၊ နောင်တွင် လေကြောင်းလိုင်းများသည် ကာဗွန်ထုတ်လုပ်မှု သုညမှတ်အထိ ရောက်ရှိအောင် ကြိုးစားလျက်ရှိကြောင်း ဆွေးနွေးသွားခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဟိုတယ်နယ်ပယ်တွင်လည်းအင်အားကြီးဟိုတယ်များသည် ကာဗွန်ထုတ်လုပ်မှုကို အလေးအနက်ထားလာကြောင်း၊ ယခုအခါ အစိမ်းရောင် ဟိုတယ်များဖြစ်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ယင်းအရေအတွက်မှာ ရာခိုင်နှုန်း ၂၀ ခန့်သာရှိပြီး ကျန်ရာခိုင်နှုန်း ၈၀ မှာ ဤသဘောတရားကို ကောင်းစွာနားလည် သဘောမပေါက်သေးကြောင်း၊ ဤကွန်ဖရင့်သို့ အဆိုပါ ၈၀ ရာခိုင်နှုန်းမှ အုပ်စုများ တက်ရောက်လာခြင်းမရှိကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ဟိုတယ်များအနေဖြင့် ဤသဘောတရားကို အလေးထားလိုက်နာရန် လိုအပ်ကြောင်း၊ ဤအတွက် အနိမ့်ဆုံးလိုက်နာရမည့်စံများ သတ်မှတ် ပြဋ္ဌာန်းခြင်း၊ လေ့ကျင့်ဆောင်ရွက်ခြင်းတို့ကို ကြိမ်ဖန်များစွာ လုပ်ကိုင်လာပါက ထိန်းသိမ်းမှုတိုးတက်လာမှာဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ပညာပေးမှု အစီအစဉ်များကိုလည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယင်းအတွက် ပညာရေးနှင့် သုတေသန လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ရန်ပုံငွေများ ထူထောင်ရမှာဖြစ်ကြောင်း ဆွေးနွေးကြသည်။

၎င်းတို့ ညွှန်ပြသည့်အထဲတွင် ကမ္ဘာကြီး၏ လူဦးရေတိုးပွားလာမှုမှာလည်း အကြောင်းခြင်းရာ တစ်ခုအဖြစ် ပါဝင်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ၇ ဒသမ ၆ ဘီလီယံသို့ရောက်ရှိမည်ဖြစ်ပြီး၊ ၂၀၅၀ ပြည့်နှစ်တွင် ၉ ဘီလီယံဖြစ်လာဖွယ် ရှိကြောင်း၊ တစ်ဖက်က လူဦးရေ တိုးပွားလာသကဲ့သို့ အခြားတစ်ဖက်ကလည်း လူသားတို့၏ သက်တမ်းမှာ တစ်စထက်တစ်စ တိုးမြင့်လာခဲ့ကြောင်း၊ အသက် ၆၀ ပြည့်ပြီးသူဦးရေ တိုးပွားမှုသည် ယခုအခါ ၁၀ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ရာခိုင်နှုန်း ၂၀ သို့ ရောက်လာမှာဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်က တစ်ကမ္ဘာလုံးတွင် ခရီးသွားလာသူ ၅၆၅ သန်း ရှိခဲ့သော်လည်း ယခုအခါ သန်း ၉၀၀ခန့်ရှိလာကြောင်း၊ ၂၀၂၀ပြည့်နှစ်တွင် ၁ ဒသမ၆ ဘီလီယံခန့် ခရီးသွားလာကြမှာဖြစ်ကြောင်း၊ ဤတိုးတက်နှုန်းအရ ပိုမိုလိုအပ်လာမည့် စွမ်းအင်၊ အစားအစာ၊ ရေ၊ အခြားအရင်းအမြစ်များ နှင့် ပတ်ဝန်းကျင်တို့မှာ စဉ်းစားစရာဖြစ်လာကြောင်း ညွှန်ပြကြသည်။

ဤစိန်ခေါ်ပွဲကြီးက ရလဒ်များကျယ်ကျယ်ပြန့်ပြန့် ထုတ်ဖော် မကြေညာနိုင်ခင်မှာပင် နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကာ အန်တုပြသလိုက်သည်။ **နာဂစ်၏ စွမ်းအားသည် ကမ္ဘာက ပြောစမှတ်ပြုလောက်အောင် ကြီးမားပြင်းထန်ခဲ့သည်။ နာဂစ်ဝင်ရောက်ပြီး နှစ်ပတ်ပင်မပြည့်သေး၊ တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် အင်အားပြင်းထန်သော မြေငလျင်ကြီးလှုပ်ခဲ့ရာ အဆုံးအရှုံးများစွာရှိခဲ့သည်။**

ယင်းနှင့်တစ်ဆက်တည်း ကမ္ဘာအနှံ့တွင် လေဆင်နှာမောင်းဒဏ်၊ ရေလွှမ်းမိုးမှုဒဏ်၊ မြေငလျင်ဒဏ်များ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘာသူ၊ ကမ္ဘာသားများအနေဖြင့် ကျွန်ုပ်တို့ ကမ္ဘာကြီးအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုများကို သတိလက်လွတ်မနေဘဲ ကြိုတင်မျှော်တွေးခြင်း၊ ခန့်မှန်းတွက်ဆခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းတို့ကို အချိန်မီ အလေး ထားလုပ်ကိုင်သင့်ပြီဖြစ်ကြောင်း သတိပေးနှိုးဆော် နေပြီဖြစ်သည်။

ယခင်က တစ်ခါမျှမဖြစ်ခဲ့တာပဲဆိုပြီး ပေါ့ပေါ့လျော့လျော့နေလျှင် ဆိုးရွားသော သဘာဝဘေးဒဏ်ကို တစ်ကြိမ်မဟုတ်တစ်ကြိမ်တွင် ခံလာနိုင်စရာ အကြောင်းများ ရှိလာပြီဖြစ်သည်။

ယခုအခါ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများက ၎င်းတို့နိုင်ငံများမှ ကာဗွန်ထုတ်လုပ်မှုများ လျော့နည်းအောင် နှစ်တိုနှစ်ရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်နေကြသည်။ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ကင်းစင်ပြီဟု ဆိုသည်။ အချို့ပညာရှင်များက လောင်စာ အစားထိုး စွမ်းအင်များ ထုတ်လုပ်ရန် သူ့ထက်ငါ အပြိုင်အဆိုင် ကြံဆနေကြသည်။ ယင်းသို့ ထုတ်လုပ်ခြင်းဖြင့် တစ်ဖက်က စားသောက်ကုန် ဈေးနှုန်းများ တိုးမြင့်လာမည်ကို အချို့က ထောက်ပြကြသည်။ တစ်ယောက်သောပညာရှင်က အဏုမြူခေတ်ကို ပြန်လည်သွားရောက်ရန် အဆိုပြုပြန်သည်။ လျှပ်စစ်စွမ်းအားထုတ်လုပ်မှုတွင်အဏုမြူဓာတ်ပေါင်းဖိုသာလျှင်အသင့်လျော်ဆုံးဟုဆိုသည်။စရိတ်အားဖြင့် သဘာဝဓာတ်ငွေ့သည် အဏုမြူစွမ်းအင်ထက် အနည်းဆုံးသုံးဆခန့်လည်းကောင်း၊ နေရောင်ခြည်စွမ်းအင်သည် ဆယ်ဆခန့်လည်းကောင်း ပိုမိုကုန်ကျသည်ဟု တွက်ပြသည်။ ၎င်း၏အဆိုကို အချို့သော ပုဂ္ဂိုလ်များက ပြန်လည်ချေပကြသည်။ အဏုမြူသည် စီးပွားရေးတွက်ချေမကိုက်ကြောင်း၊ တည်ထောင်မှုစုစုပေါင်း၏ ၂၁ ရာခိုင်နှုန်းမှာ စွန့်ပစ်ရကြောင်း၊ ကျန် ၇၉ ရာခိုင်နှုန်းအနက် ၂၇ ရာခိုင်နှုန်းမှာ အနည်းဆုံး တစ်ကြိမ်မျှ ဆုံးရှုံးလေ့ရှိကြောင်း၊ အောင်မြင်သည့် ဓာတ်ပေါင်းဖိုများတွင်လည်း လောင်စာဆီပြန်ဖြည့်ရန် ၁၇ လကြာတိုင်း ၃၉ ရက်ခန့် ပိတ်ထားရကြောင်း၊ အကြောင်းတစ်ခုခုကြောင့် ချို့ယွင်းမှုများရှိသည့်အခါ အလွယ်တကူ ပြန်မစနိုင်ကြောင်း၊ ၎င်းတို့က လေ ရဟတ်နှင့် နေရောင်ခြည်မှရရှိသော လျှပ်စစ်စွမ်းအားကိုသာ အလေးထားထုတ်လုပ်ရန် အားပေးကြသည်။ အချို့သော ပညာရှင်များက ရေလှိုင်းက တစ်ဆင့် စွမ်းအင်ထုတ်လုပ်ရန် စီစဉ်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံကြီးများက ကမ္ဘာကြီး ယခုထက် ပိုမိုပူနွေးမှုမရှိလာအောင် အဘက်ဘက်မှ နည်းလမ်း ရှာကြံ ဆောင်ရွက်နေချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း မိမိတို့၏ သဘာဝ ပတ်ဝန်းကျင် မထိခိုက် မပျက်စီးရအောင် အလေးဂရုပြုထိန်းသိမ်းရန် လိုအပ်လျက်ရှိသည်။

မည်သို့ပင်ဆိုစေ ကမ္ဘာသူ၊ ကမ္ဘာသား အားလုံးသည် ကမ္ဘာကြီး ငြိမ်းအေးချမ်းသာပြီး စိမ်းလန်းစိုပြည်အောင် မိမိတို့ ကျရာအခန်းကဏ္ဍက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါသည်။ တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်း၊ တစ်နိုင်ငံကောင်း လုပ်ဆောင်လျှင် ကောင်းကျိုးထက် ဆိုးကျိုးများကို ဆက်လက်ရင်ဆိုင်နေကြရမည် ဖြစ်ပေသည်။ လက်ရှိတွေ့ကြုံနေရသည့် သဘာဝဘေးအန္တရာယ်များသည် ရှိရင်းစွဲ သဘာဝအရင်းအမြစ်များကို တစ်ချိန်က မိမိတို့ အဟောသိကံ မဆင်မခြင် သုံးစွဲခဲ့ကြသည့်အတွက် ယခုအခါတွင် မကြုံစဖူးထူးကဲသည့် အဖြစ်ဆိုးများကို ခံစားကြုံတွေ့နေကြရခြင်းဖြစ်သည်။ မိမိကိုယ်တိုင် မသုံးစွဲသော်လည်း အခြားစက်မှုအင်အားကြီးနိုင်ငံများ၏ သုံးစွဲမှုကြောင့် မိမိအပေါ် ဂယက်ရိုက်ခတ်လာနိုင်သည်။ ထို့အတွက် ကျွန်ုပ်တို့သည် မိမိတို့ကမ္ဘာကြီး မပျက်သုဉ်းရလေအောင် စွမ်းအားရှိသမျှ ဝိုင်းဝန်းကြိုးပမ်းထိန်းသိမ်းကြရပေမည်။ ထိုသို့မဟုတ်ပါက ဆူနာမီကဲ့သို့ အဖြစ်ဆိုးများ၊ နာဂစ်ကဲ့သို့ ပန်းများနှင့် အပေါက်ခံရမှာဖြစ်ကြောင်း နှိုးဆော်လိုက်ရပေသည်။ ။

လေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်နှင့် စားသောက်ကုန်များ လှူဒါန်း

ရန်ကုန် ဩဂုတ် ၇

လေဘေးသင့်ပြည်သူများအတွက် အလှူရှင် United Sikhs (Malaysia)က အမေရိကန်ဒေါ်လာ ၄၅၀၀၀ တန်ဖိုးရှိ အဝတ်အထည်၊ စားသောက်ကုန်နှင့် တာပေါ်လင်အလိပ် ၁၅၀ တို့ကို ဩဂုတ် ၆ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမသို့ လာရောက်၍ ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

သမ္မတနှင့် သွင်ရုံတို့တွင် ရင်ခုန်နှင်းဆီပြသ အမည်မဖော်လိုသူအချစ် တစ်ကျော့ပြန်ရုံတင်မည်

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများတွင် ယခုသောကြာပတ်ဩဂုတ်၈ရက်တွင် ပြသဆဲ မြန်မာရုပ်ရှင်ဇာတ်ကားသစ် **“ရင်ခုန်နှင်းဆီ”** တစ်ကားတည်းသာ သမ္မတနှင့် သွင်ရုံတို့တွင် ဆက်လက်ပြသမည်ဖြစ်သည်။

ရင်ခုန်နှင်းဆီ ဇာတ်ကားကို ဒါရိုက်တာ အောင်ဆွေမြန်မာက တာဝန်ယူ ရိုက်ကူးထားခြင်းဖြစ်ပြီး ဆုဩချယ်၏ ဇာတ်လမ်းကို မျိုးကိုမျိုးက ဇာတ်ညွှန်းရေးထားခြင်း ဖြစ်သည်။ လူငယ်နှင့် လူကြီးတို့၏ မေတ္တာရေးရာ၊ အိမ်ထောင်ရေးရာတို့၏သဘောသဘာဝကို အမြင်နှစ်မျိုးဖြင့် ရိုက်ကူးထားခြင်း ဖြစ်ပေရာ အရွယ်စုံ ကြည့်ရှုလက်ခံနိုင်သည့် အချစ်ဇာတ်ကား ကောင်းတစ်ကားဖြစ်သည်။ အထူးသဖြင့် စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့၏ လူငယ်သဘာဝပီပြင်သော သရုပ်ဆောင်မှုများကို ပရိသတ် နှစ်ခြိုက်အားပေးကြသည်။

မြေနီကုန်း ရတနာပုံရုပ်ရှင်ရုံတွင် ဒါရိုက်တာမီးပွား၏လက်ရာ အမည်မဖော်လိုသူ အချစ်ဇာတ်ကား တစ်ကျော့ပြန် ရုံတင်ပြသမည်ဖြစ်သည်။ ဟာသဇာတ်ကား နှစ်သက်သူများ အကြိုက်တွေ့မည့် မြန်မာဇာတ်ကားကောင်း တစ်ကားဖြစ်သည်။

မင်္ဂလာရုံတွင် နာမည်ကြီး ကွန်ဖူး မင်းသားနှစ်ဦးဖြစ်သည့် ဂျက်ကီချန်းနှင့် ဂျက်လီတို့ တွဲဖက်သရုပ်ဆောင်ထားသည့် THE FORBIDDEN KINGDOMကွန်ဖူးပညာအသားပေး ဇာတ်ကြမ်းကား၊ ရွှေ့ဆောင်ရုံတွင် ဂါမာရောင်ခြည်အဆိပ်သင့်မှုကြောင့် ကလာပ်စည်းများ ဖောက်ပြန်ကာ လူသန်ကြီးဖြစ်သွားခဲ့သည့် သိပ္ပံပညာရှင်တစ်ဦး၏ ဇာတ်လမ်းဖြစ်သည့် THE INCREDIBLE HULK ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် စူပါမင်းကဲ့သို့ ထူးခြားသည့် စွမ်းအင်ရှိသူ သူရဲကောင်းတစ်ဦး၏ ဘဝကို ဇာတ်လမ်းဆင်ထားသည့် HAN COCK စွန့်စားမှု အသားပေး ဇာတ်ကားတို့ ပြသမည်ဖြစ်သည်။

မြို့မရုံတွင် ရဲကွန်မန်ဒိုတစ်ဦး၏ စွန့်စားခန်းကို ရိုက်ကူးထားသည့် RAKAZIA POLICE ဇာတ်ကား ပြသမည်ဖြစ်သည်။ ဤဇာတ်ကားမှာ ၁၉၉၉ခုနှစ် အိန္ဒိယရုပ်ရှင်များတွင် ဝင်ငွေစံချိန်ချိုးခဲ့သည့် ဇာတ်ကားတစ်ကားဖြစ်သည်။ ဆုထူးပန်ရုံတွင် စူနီးရှက်သီးနှင့် ခရစ်စမားရ်ကပူးတို့ ပါဝင်ကြသည့် RAK SH-AK အချစ်ဇာတ်ကားနှင့် ဘုရင့်ရုံတွင် စိန်ခေါ်ခြင်းဟု အဓိပ္ပာယ်ရသည့် ELAAN ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။ ဤဇာတ်ကားကို အိန္ဒိယနိုင်ငံတွင် သာမက ဥရောပရှိ ဂျာမနီ၊ အီတလီနှင့် ပြင်သစ်နိုင်ငံတို့တွင်ပါ သွားရောက်ရိုက်ကူးထားခြင်းဖြစ်ရာ ထိုနိုင်ငံအသီးသီး၏သဘာဝရှုခင်းများကိုပါ ခံစားရှုမြင်ရမည်ဖြစ်သည်။ (ကြေးမုံ)

သမ္မတနှင့် သွင်ရုံတွင် ဆက်လက်ရုံတင်ပြသလျက်ရှိသည့် ရင်ခုန်နှင်းဆီ မြန်မာရုပ်ရှင်ဇာတ်ကားမှ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။ (ကြေးမုံ)

ဆွေးနွေး

မြန်မာ-ကူဝိတ် စီးပွားရေးနှင့် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

❍ **ကျောဖုံးမှ**

ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mustafa Jassim Al-Shamali ဦးဆောင်သောအဖွဲ့နှင့် ဆီဒိုးနားဟိုတယ် Ballroom(3) ၌လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကူဝိတ် စီးပွားရေးကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Mr. Khaled Abdullah Hamad Al-Sagar တို့သည် ဆီဒိုးနားဟိုတယ် Ballroom(1) ၌လည်းကောင်း တွေ့ဆုံကြပြီး မြန်မာ-ကူဝိတ် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကူဝိတ်စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား ကူဝိတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Mustafa Jassim Al-Shamali နှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်ရှိ ဒဂုံခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကူဝိတ် နှစ်နိုင်ငံ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရန်ကုန်မြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် ဩဂုတ် ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးအလည်အပတ်ခရီး ရောက်ရှိနေသော ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ဧည့်သည်တော် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်မိုဟာမက် အယ်အာမက် အယ်ဂျာဘား အယ်ဆာဘား ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကူဝိတ်စီးပွားရေးကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Khaled Abdullah Hamad Al-Sagar တို့ ဆီဒိုးနားဟိုတယ် Ballroom(1) ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကူဝိတ်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Khaled Abdullah Hamad Al-Sagar တို့ မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်း ပိုမိုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ရုံးပိတ်ရက်များအတွင်း လုပ်ငန်းလိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၇

ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီ၏ ညွှန်ကြားမှု၊ ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီသည် ရုံးပိတ်ရက် စနေ၊တနင်္ဂနွေနေ့များတွင် ဗီဒီယိုပြစက်နှင့် အခြားပြစက်များ အသုံးပြု၍ စားသုံးသူများဖျော်ဖြေရေး၊ မိမိဆိုင် စားသုံးသူများပြားစေရေးအတွက် အသုံးပြုနေသော(လက်ဖက်ရည်ဆိုင်၊စားသောက်ဆိုင်)လုပ်ငန်းလိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်ပေးသည့် **(အောက်ပုံ)** အစီအစဉ်ကို ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၆၊ ၂၇ရက်၊ ဩဂုတ် ၃ ရက် (စနေ၊ တနင်္ဂနွေ)များတွင် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၊ စည်ပင်သာယာအခွန်ဌာန အစည်းအဝေးခန်းမ၌ ရုံးခန်းဖွင့်လှစ်၍ မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် ယင်းမြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးမှ လုပ်ငန်းရှင်များကို ဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းရှင် ၂၀၉ ဦးတို့အား လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ရုံးအဖွဲ့နှင့်အတူ မင်္ဂလာဒုံမြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ တာဝန်ခံအရာရှိများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မင်္ဂလာဒုံမြို့နယ်မှ စခန်းမှူးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့ အဆင့်ဆင့်တို့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်မြို့နယ်များသို့လည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်ပေးမှုကြောင့် လုပ်ငန်းရှင်များအနေဖြင့် အချိန်ကုန်သက်သာခြင်း၊လူပင်ပန်းမှုသက်သာခြင်းနှင့် ခရီးစရိတ်သက်သာခြင်းတို့ကြောင့် လာရောက်လုပ်ကိုင်သူများကြောင်း သိရှိရသည်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၈-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သောဏကဇာတ်တော်"တရားတော် (အောင်စကြာဆရာတော်အရှင်စန္ဒသိရီ)
၈း၁၅ - ၂း၁၅	အောင်ခြင်းရှစ်ပါးနှင့်မဟာဗုဒ္ဓဝင်ပုံတော် သီဟိုဠ်ဗောဓိပင်၌ထွင်းထုပူဇော်
၈း၃၀ - ၂း၃၀	Man And The Elephant (အပိုင်း-၁)
၈း၅၀ - ၂း၅၀	ဂီတသံစဉ်အလှဆင်(ဟေမာနေဝင်း)
၉း၁၀ - ၃း၁၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၂၅ - ၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	Art Vision (Sixth Page Art Exhibition)
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	Yangon Panorama (Beijing Olympic 2008နှင့် Mandalay FMအရောင်းမြှင့်တင်ပွဲ အခမ်းအနား)
၁၀း၅၀ - ၄း၅၀	ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	စားချင်စဖွယ်နည်းအသွယ်သွယ်
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာအားကိုးကြ (ခန့်စည်သူ၊ဖြိုးငွေစိုး၊မင်းရာဇာ၊ပုလဲဝင်း၊သဇင်၊ဖူးစုံ၊အရိုင်း) [ဒါရိုက်တာမြင့်စိုး(ဝ/သ)]
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား
၁၂း၂၀ - ၆း၂၀	စွမ်းအားများဖြင့်ပြည့်ဝစေသည် G.P
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	International Video Topics (ဆန်ဖရန်စစ္စကိုငလျင်ကြီး)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၄း၀၀	Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များနှင့် ဖွင့်ပွဲအခမ်းအနား	MRTV-4(Live)

ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ ခေတ်ဟောင်းတေးသီချင်းများစာအုပ် အတွဲ(၉)ထုတ်ဝေ

နေပြည်တော် ဩဂုတ် ၇

ပြန်ကြားရေးဝန်ကြီးဌာန၊ ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိ မှတ်တမ်းစိစစ်ရေးကော်မတီကပြုစုသည့် ခေတ်ဟောင်းတေးသီချင်းများစာအုပ် အတွဲ(၉)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ စာအုပ်တွင် ၁၉၄၂ ခုနှစ်မှ ၁၉၄၈ ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော တေးသီချင်းများ အနက် ၉၄ ပုဒ်ကို စုစည်းဖော်ပြထားသည်။ အဆိုပါအချိန်ကာလသည် ဒုတိယကမ္ဘာစစ်အတွင်းနှင့် စစ်ပြီးခေတ် လွတ်လပ်ရေးရသည့် အချိန်ထိဖြစ်သောကြောင့် ဗုံးသံ၊ အမြောက်သံ သေနတ်သံများကြားမှ ပေါ်ထွက်လာသည့် သီချင်းများဖြစ်သည့် အားလျော်စွာ ဖြတ်သန်းခဲ့ရသော အချိန်ကာလ၏ သမိုင်းပုံရိပ်များ တစ်စွန်းတစ်စ လွှမ်းမိုးပါဝင်နေသည့် တေးသီချင်းများဖြစ်သည်။ ထိုခေတ်ထိုကာလက ဓာတ်ပြားနှင့် အသံထွက်ရုပ်ရှင်တို့လည်း ထွက်ပေါ်ခြင်းမရှိသေးသောကြောင့် ဂီတမြတ်နိုးသူများ၊ တေးရေးပညာရှင်ကြီးများက စိတ်မှတ်နားကြား ဖြင့်သာ အဆင့်ဆင့်လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသည်။ အဖိုးတန်ရှားပါးရတနာ တေးသီချင်းများဖြစ်ရာ မြန်မာ့ဂီတမြတ်နိုးသူများ၊ ဂီတအနုပညာသုတေသီများ၊ တေးဂီတဝါသနာရှင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက၊ အရေး၊ အတီးပြိုင်ပွဲဝင်မည့် ပုဂ္ဂိုလ်များနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူပြု စာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

အဆိုပါ တေးရေးပညာရှင်ကြီးများ၏ ခေတ်ဟောင်းတေးသီချင်းများ စာအုပ် အတွဲ(၉)ကို တစ်အုပ်လျှင် ငွေကျပ် ၁၅၀၀နှုန်းဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့တွင် ဝယ်ယူရရှိနိုင်ကြသည်။ အလားတူ ထုတ်ဝေခဲ့ပြီးဖြစ်သည့် ခေတ်ဟောင်းတေးသီချင်းများ စာအုပ် အတွဲ(၁)မှ အတွဲ(၈)အထိ စာအုပ်များကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြည်လမ်း၊ ရန်ကုန်မြို့နှင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ တွင်ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုဂံမြို့ သဗ္ဗညုစေတီတော်ကြီး ဒုတိယအကြိမ် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အလှူတော်မင်္ဂလာတွင် ကုသိုလ်ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်

နေပြည်တော် ဩဂုတ် ၇

ပုဂံမြို့ဟောင်း ဉာဏ်တော် ၂၀၁ ပေရှိ သဗ္ဗညုစေတီတော်ကြီးအား ဒုတိယအကြိမ် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်နေပြီဖြစ်ရာ ရွှေသင်္ကန်းအလှူတော်မင်္ဂလာတွင် ကုသိုလ်ပါဝင် လှူဒါန်းနိုင်ရန်အတွက် အောက်ပါနေရာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်-

သဗ္ဗညုကျောင်း၊ ပုဂံမြို့	-	**ဖုန်း-၀၆၁-၆၀၀၈၈**
သဗ္ဗညုစေတီတော်၊ ဂေါပကအဖွဲ့၊ ပုဂံမြို့	-	**ဖုန်း-၀၆၁-၆၀၈၅၄**
ဦးစံရွှေအောင်၊ ရုံးအဖွဲ့မှူး၊ ဝန်ကြီးရုံး၊ ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ နေပြည်တော်	-	**ဖုန်း-၀၆၇-၄၀၇၁၅၈**

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ မွေး/ရေနှင့် အမှတ်(၁)စက်မှုတို့ အနိုင်ရ

နေပြည်တော် ဩဂုတ် ၇

ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီး ဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စု ပတ်လည်ပြိုင်ပွဲများကို နေပြည်တော်ကွင်းနှင့် နေပြည်တော်ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ နေပြည်တော်ကွင်း၌ (က)အုပ်စုတွင် မွေးမြူရေး နှင့်ရေလုပ်ငန်းဝန်ကြီး ဌာနအသင်းက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (က)အုပ်စုတွင် အမှတ်(၁)စက်မှု ဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကိုလေးဂိုး-ဂိုး မရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် ကြည့်ရှုအားပေးကြသည်။

၈-၈-၂၀၀၈

နေပြည်တော်ကွင်း

(ခ)အုပ်စု

အလုပ်သမားနှင့် တရားရုံးချုပ်

ပေါင်းလောင်းကွင်း

(ခ)အုပ်စု

အမှတ်(၁)

လျှပ်စစ်စွမ်းအားနှင့် ယဉ်ကျေးမှု

(၁၀၇)

The LIVE NEWS ဂျာနယ် အမှတ်(၉၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၇

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ် အမှတ်(၉၂)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ဝင်ကိုးဝင်ဆိုတာဘာလဲ၊ မြင်းမူမောင်နိုင်မိုး၏ သဘာဝ၊ အရသာပျက်ကြောင်းတရား(၄)ပါး၊ နီမင်းဆွေ၏ ဆိုဖီယာလောရင်းတို့ ဘော်လီဘောပွဲ၊ ကိုကိုလှိုင်၏ ဒဗလျူတီအိုအစည်းအဝေး အမေရိကန်ကြောင့်ပျက်ပြား၊ ဗုဒ္ဓစာပေဆုရ ဒေါက်တာချစ်ငယ်(ဒဿန)၏ ကမ္ဘာကိုလေးစားပါသည်-သိပ္ပံပညာကိုတန်ဖိုးထားပါသည်-သို့သော်- - -၊ ဦးကို၏ လမ်းပေါ်ကအတွေးများ(၁၇) သုံးတောင်ဝတ်ယာဉ်မောင်းများ(၁)၊ သစ်လွင်မိုး၏ ပြင်သစ်ရဲ့ လက်ကိုင်တုတ်သစ် သို့မဟုတ်မြေထဲပင်လယ်သမဂ္ဂ၊ မောင်မြတ်မွန်(ဆူးလေ)၏ သံသုမာလမ်းကိုအခြေခံထားတဲ့ ရန်ကုန်မြို့တော်ပတ်လမ်း(၃)၊ ဆွစ်ဇာလန်နိုင်ငံကို(၂၁)ရက်ကြာ ဇာတ်ကားရိုက်ကူးဖို့သွား ရောက်မယ့် အနုပညာရှင်များနဲ့ခဏတာ၊ နစ်မြုပ်သင်္ဘောများဆယ်ယူရာတွင် ပိုမိုတွင်ကျယ်စေရန် Air Bag များ အသုံးပြုသွားမည်၊ ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ဇနီး အခွန်ရှောင်မှုဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်၊ ရာဇဝင်တွင်တဲ့သူရဲကောင်းအပိုင်း(၉၃၊ ၉၄)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၁၉၊ ၂၀)၊ ရွှေမင်းသားလေးချစ်ပုံပြင်အပိုင်း(၂၀၊ ၂၁)စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃ လ-၁၃ စောင်-၅၈၅ဝိ/-၆လ-၂၆စောင်-၁၁၇၀ဝိနှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက် အမှတ်(၃၁၀)၊ အခန်း(၀၀၄)ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Service) အမှတ်-၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၈-၂၀၀၈ (သောကြာနေ့)

၁၃၇၀ပြည့်နှစ်၊ဝါခေါင်လဆန်း(၇)ရက်(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီ
၇း၅၅	၅။	အကပြိုင်ပွဲ
၈း၀၀	၆။	နှောင်းခေတ်တေး ပဒေသာ
၈း၁၀	၇။	ချစ်စရာ့အရွယ်က ကြိုးသွယ်
၈း၂၀	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	International News.
၈း၄၅	၁၀။	အဆိုပြိုင်ပွဲ
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀	၃။	အတီးပြိုင်ပွဲ
၄း၃၀	၄။	ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် ဓမ္မစကြာဝတ်ရွတ် ပူဇော်ပွဲ(တတိယဆု) (အထက၄၊ မင်္ဂလာတောင်ညွန့်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၅၀	၅။	အကပဒေသာ
၅း၀၀	၆။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၅း၁၅	၇။	"သတင်းကောင်း" **(သျှားညို၊ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
၅း၃၀	၈။	အဆိုပြိုင်ပွဲ
၅း၄၀	၉။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၅၀	၁၀။	အားမာန်ပြည့်ဖြိုး ရှင်သန်နေသောတရုတ်ပြည်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၀	၁၂။	မိုးလေဝသအခြေအနေ
၆း၁၅	၁၃။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ"(အပိုင်း-၂၀)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၁၈)**
	၁၉။	အစီအစဉ်ပြီး၏။

ပေကျင်းအိုလံပစ်ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့

ရန်ကုန် ဩဂုတ် ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ဩဂုတ် ၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ၂၀၀၈ ခုနှစ် နွေရာသီအိုလံပစ် အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ပေကျင်းအိုလံပစ် ပြိုင်ပွဲဝင် ပြေးခုန်ပစ် လက်ရွေးစင် စိုးမင်းသူ လေ့ကျင့်စဉ်။

ပေကျင်းအိုလံပစ် ပြိုင်ပွဲ မြားပစ်ပြိုင်ပွဲ ဝင်မည့် နေမျိုးအောင် လေ့ကျင့်စဉ်။

မြန်မာအားကစားအဖွဲ့တွင် ဖိတ်ကြားခံပုဂ္ဂိုလ်နှစ်ဦး၊ ဧည့်သည်တော်လေးဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင်သုံးဦး၊ အားကစားအဖွဲ့ လေးဖွဲ့မှ အုပ်ချုပ်သူ၊ နည်းပြလေးဦး၊ အားကစားသမားခြောက်ဦးနှင့် Olympic Youth Camp အတွက်နှစ်ဦးတို့ပါဝင်ကြသည်။ မြန်မာအားကစား အဖွဲ့သည် ပေကျင်းအိုလံပစ်ပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ လေ့လှော်၊ မြားပစ်နှင့် ရေကူးအားကစားနည်းတို့၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြေးခုန်ပစ်အားကစားနည်း၌ စိုးမင်းသူနှင့် လဲ့လဲ့ဝင်း၊ လှေလှော် အားကစားနည်း၌ ဘုန်းမြင့်တေဇာနှင့် ရွှေဇင်လတ်၊ မြားပစ်အားကစားနည်း၌ နေမျိုးအောင်၊ ရေကူးအားကစားနည်း၌ကျော်ဇင်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြေးခုန်ပစ်

ပြေးခုန်ပစ်တွင် စိုးမင်းသူက အမျိုးသား မီတာ ၅၀၀၀ ပြိုင်ပွဲနှင့် လဲ့လဲ့ဝင်းက အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲတို့၌ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။ ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည့် ကစားသမားနှစ်ဦးကို ရွေးချယ်ရာတွင်(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ စွမ်းဆောင်ရည်များကို ကြည့်ရှုခဲ့ပြီး ယင်းကစားသမားနှစ်ဦးမှာ အဆိုပါပြိုင်ပွဲတွင် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သူများဖြစ်၍ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ စိုးမင်းသူမှာ၂၀၀၆ ခုနှစ်တွင် လူငယ်လက်ရွေးစင်၊ ၂၀၀၇ ခုနှစ်တွင် မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံရပြီး ပြည်ပပြိုင်ပွဲ ခြောက်ခု၌ ရွှေတစ်ခု၊ ကြေးနှစ်ခုရရှိထားသူဖြစ်သည်။ လဲ့လဲ့ဝင်းမှာလည်း နိုင်ငံတကာ အတွေ့အကြုံများသည့် ပြေးခုန်ပစ်မယ်တစ်ဦးဖြစ်ပြီး ပြည်ပပြိုင်ပွဲရှစ်ပွဲ၌ ရွှေငါးခု၊ ငွေကိုးခုနှင့် ကြေးတစ်ခုရရှိထားသူ ဖြစ်သည်။

ပေကျင်းအိုလံပစ် ပြိုင်ပွဲတွင် မီတာ(၂၀၀)ပြိုင်ပွဲဝင်မည့် ပြေးခုန်ပစ်မယ် လဲ့လဲ့ဝင်းအား လေ့ကျင့်စဉ်က တွေ့ရစဉ်။

လှေလှော်

လှေလှော်အားကစားနည်းတွင်လည်း ဘုန်းမြင့်တေဇာက အမျိုးသားမီတာ ၅၀၀ပြိုင်ပွဲနှင့် မီတာ ၁၀၀၀ပြိုင်ပွဲ၊ ရွှေဇင်လတ်ကမီတာ ၂၀၀၀ပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဘုန်းမြင့်တေဇာမှာလက်ရည်စစ်ပွဲ ဝင်ရောက်ရန်မလိုဘဲ တိုက်ရိုက်ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိပြီး ရွှေဇင်လတ်မှာ လက်ရည်စစ်ပွဲ အောင်မြင်သောကြောင့် ပါဝင်ခွင့်ရရှိခြင်းဖြစ်သည်။ ဘုန်းမြင့်တေဇာသည် ၁၉၉၇ခုနှစ်တွင် မြန်မာလက်ရွေးစင်စဖြစ်ပြီး (၁၁)နှစ်တာ ကာလအတွင်း နိုင်ငံတကာပြိုင်ပွဲများ၌ ရွှေ ၃၈ခု၊ ငွေ ၁၆ခုနှင့် ကြေးလေးခု ဆွတ်ခူးရရှိထားသည်။ ရွှေဇင်လတ်မှာ ၂၀၀၄ခုနှစ်တွင်မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံရပြီး ပြည်ပပြိုင်ပွဲများ၌ ဆုတံဆိပ်များ ရရှိထားကာ မြန်မာ့လှေလှော်အဖွဲ့အတွက် အားထားရမည့်သူ တစ်ဦးဖြစ်သည်။

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

မြားပစ်

မြန်မာ မြားပစ်အဖွဲ့သည် အိုလံပစ်ပြိုင်ပွဲကို ၂၀၀၀ပြည့်နှစ် ဩစတြေးလျ အိုလံပစ်ပြိုင်ပွဲမှ စ၍ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုအကြိမ်မှာ တတိယအကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာ မြားပစ်လက်ရွေးစင် နေမျိုးအောင်မှာ Recurve အမျိုးသားတစ်ဦးချင်းနှုန်းထွက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ နေမျိုးအောင်သည် ၂၀၀၇ခုနှစ်တွင် မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံရပြီး (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၀၈ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်သော အာရှပတ်လည်မြားပစ်ပြိုင်ပွဲတို့ကို ဝင်ရောက်ယှဉ်ပြိုင်ထားသူဖြစ်သည်။

အိုလံပစ်ပြိုင်ပွဲဝင် ကျော်ဇင်။ (ရေကူး)

ရေကူး

ရေကူးအားကစားတွင် ကျော်ဇင်တစ်ဦးတည်းသာ မီတာ (၅၀) အလွတ်ကူးပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။ ကျော်ဇင်မှာ လူငယ်ပြိုင်ပွဲနှင့် လက်ရွေးစင်ပြိုင်ပွဲ၌ အပါအဝင် ပြည်ပပြိုင်ပွဲ ခြောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ထားပြီး ၂၀၀၅ခုနှစ်တွင် မြန်မာ့လက်ရွေး စင်ဖြစ်လာသူဖြစ်သည်။ (ကြေးမုံ)

နိုင်ငံတကာပြိုင်ပွဲများအတွက် လူရွေးချယ်မည့် ပထမတန်းရိုးရာ လက်ဝှေ့ကျော်များ၏ လက်ရည်စစ်ပွဲ

သတင်းမှတ်စုနှင့် ဓာတ်ပုံ စိုးညွန့်(ကြေးမုံ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ Calsome ကွေကာ(Myanmar Distribution Group Co., Ltd)မှပံ့ပိုးကူညီကာ T&T Group မှ တာဝန်ယူကျင်းပသော နိုင်ငံတကာရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲများအတွက် အဆင့်မြင့် ပထမတန်း လက်ဝှေ့ကျော်များ၏ လက်ရည်စစ်စိန်ခေါ်ပွဲကို ဩဂုတ် ၉ရက်နှင့် ၁၀ရက်တို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

ယင်းရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲမှာ ရန်ကုန်မြို့တွင် ပထမဦးဆုံး ကျင်းပသည့် ပထမတန်းချန်ပီယံ အများဆုံး ပါဝင်သည့် စိန်ခေါ်ပွဲဖြစ်ပြီး ရိုးရာ လက်ဝှေ့ပရိသတ်များ စိတ်ဝင်စားမည့် ပွဲကြီးပွဲကောင်းများလည်း ပါဝင်သည်။ ဩဂုတ် ၉ရက် ပထမနေ့တွင် ထိုးသတ်မည့် ပွဲစဉ်များတွင် ရွှေခါးပတ်ချန်ပီယံတွေ့မရှောင် (KLN)နှင့် အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)၊ သုံးထပ်ကွမ်းချန်ပီယံ ဝင်းထွန်း (လယ်/ဆည်)နှင့် တာတိုးဝါး (ဘီလပ်မြေစက်ရုံ)၊ ဩဂုတ် ၁၀ရက် ဒုတိယနေ့တွင် ထိုးသတ်မည့် ပွဲစဉ်များ၌ ထပ်ဆင့် မြန်မာပြည် ချန်ပီယံ လုံးချော(ညောင်တုန်း)နှင့် ရွှေခါးပတ်ချန်ပီယံ ရန်ကြီးအောင် (မြို့တော်စည်ပင်)၊ ကရင်ပြည်နယ် လက်ဝှေ့ကျော် စောငမန်း(ဘားအံ) နှင့် Royal Lipo ရွှေစလွယ်ဆုရ ဒေါင်းညိုလေး (ဒေါင်းမြန်မာ) တို့၏ ပွဲစဉ်များ ပါဝင်သည်။ ပရိသတ် အကြိုက်တွေ့မည့် ပွဲကောင်းများလည်း ပါဝင်သည်။

စက်တင်ဘာလ နောက်ဆုံးပတ်တွင် ထိုးသတ်ရန် စီစဉ်ထားသည့် မြန်မာ-ထိုင်းရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲအတွက် ယခုလက်ရည်စစ်ပွဲမှ လူရွေးချယ်သွားမည် ဖြစ်သည်။ ထို့ကြောင့် ယခုစိန်ခေါ်ပွဲမှာ ပြိုင်ဘက်အချင်းချင်း အရှုံးအနိုင်ပေါ်ရန် အလဲအကွဲ ထိုးသတ်ရမည် ဖြစ်သည်။



သုံးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ဝင်းထွန်း။

လုံးချောနှင့် စိတ်မကျေပွဲနွှဲမည့် ရန်ကြီးအောင်။

ဒေါင်းညိုလေးနှင့် ထိုးမည့် စောငမန်း။

လုံးချော-ရန်ကြီးအောင်

ထပ်ဆင့် မြန်မာပြည် ချန်ပီယံ လုံးချောသည် ဇူလိုင် ၂၇ရက်တွင် အသည်းကောင်း၍ ပွဲတောင်းသူများ ပွဲစဉ်(၄) ထိုးသတ်ထားသူဖြစ်သည်။ ပွဲဆက်နေ၍ ပွဲပန်းနိုင်သော်လည်း သရေပွဲများနေမှုကို အဆိုပါပွဲတွင် အဆုံးသတ်နိုင်ခဲ့၍ အားတက်နေသူ ဖြစ်သည်။ ယင်းစိန်ခေါ်ပွဲတွင် စိန်ခေါ်သူ နယ်စပ်လက်ဝှေ့ကျော် ဝဏ္ဏကို ဒုတိယအချီတွင် အလဲထိုးဖြင့်အနိုင်ရရှိခဲ့သူဖြစ်သည်။ လုံးချောသည် ၂၀၀၆ခုနှစ်နှင့် ၂၀၀၇ခုနှစ်တို့တွင် အလွတ်တန်း ရွှေခါးပတ်ဆုကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးထားသူဖြစ်သည်။ လုံးချောနှင့် ရန်ကြီးအောင်တို့မှာ ယခင်က စိန်ခေါ်ပွဲများတွင် နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးပြီး နှစ်ကြိမ်စလုံး အရှုံးအနိုင်မပေါ်သေးသူများဖြစ်သည်။ ယခုတစ်ကြိမ်တွင်လည်း အရှုံးအနိုင်ပေါ်အောင် ထိုးသတ်နိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ ပထမတန်းချန်ပီယံဖြစ်ရေးအတွက်ကြိုးစားနေသည့် ရန်ကြီးအောင်မှာ လုံးချောကို အနိုင်ထိုးသတ်ရန် အထူးပြင်ဆင်လျက်ရှိသည်။ သုဝဏ္ဏကွင်းတွင် လေ့ကျင့်ပြင်ဆင်နေသော ရန်ကြီးအောင်မှာ အရှုံးအနိုင်ပေါ်အောင် ထိုးသတ်သွားမည်ဟု ဆိုထားသူဖြစ်သည်။

တွေ့မရှောင် - အောင်ဇေယျ

ပြည်တွင်းတွင် အလဲထိုး နိုင်ပွဲများဖြင့် နာမည်ကြီးလာသူ တွေ့မရှောင်မှာ ပြည်တွင်း ပြည်ပ နေရာမရွေး နိုင်ပွဲများရနေသူဖြစ်သည်။ မေလဆန်းပိုင်းက ဩစတြေးလျားနိုင်ငံတွင် ထိုးသတ်ခဲ့သော ဩစတြေးလျားနိုင်ငံသား Thomas Hen Beaber နှင့်ပွဲတွင် ဒုတိယအချီ၌ အလဲထိုးဖြင့် အနိုင်ရရှိထားသူဖြစ်သည်။ ဂျပန်နိုင်ငံတွင် မြန်မာ့ရိုးရာလက်ဝှေ့စွမ်းများ ပြဖူးခဲ့သူ အောင်ဇေယျမှာ တွေ့မရှောင်၏ နိုင်ပွဲဆက်မှုကို ရပ်တန့်နိုင်ရန်ကြိုးစားလျက်ရှိသည်။ ခွန်အားကောင်းပြီး နည်းစနစ်ကျွမ်းကျင်ပိုင်နိုင်သည့် အောင်ဇေယျမှာ သေသပ်ပြင်းထန်သော ပတ်တံတောင်များဖြင့် ပွဲသိမ်း အနိုင်ယူတတ်သောကြောင့် တွေ့မရှောင်နှင့် အောင်ဇေယျတို့၏ ပွဲမှာ ပထမနေ့ပွဲစဉ်များ၌ အကောင်းဆုံးပွဲစဉ်တစ်ပွဲ ဖြစ်လာနိုင်ပေသည်။ တစ်ကြိမ်တစ်ခါမျှ ကြိုးဝိုင်းထဲတွင် မဆုံဖူးသေးသော ရိုးရာလက်ဝှေ့ကျော်နှစ်ဦး ပထမဦးဆုံးတွေ့ကြမည့် ပွဲလည်းဖြစ်သည်။

ဝင်းထွန်း-တာတိုးဝါး

ဝင်းထွန်းမှာ လက်ရှိရိုးရာလက်ဝှေ့လောကတွင် တစ်ဦးတည်းသော သုံးထပ်ကွမ်း ရွှေခါးပတ်ပိုင်ရှင်ဖြစ်သည်။ ၂၀၀၄၊ ၂၀၀၆နှင့် ၂၀၀၇ ရွှေခါးပတ်လုပွဲများတွင် သုံးကြိမ် အနိုင်ရထားသူဖြစ်သည်။ ဘာမထီသော စိန်ခေါ်မှုဖြင့် ပြိုင်ဘက်ကို ထိုးသတ်တတ်သော ဝင်းထွန်းမှာ လုံးချော၊ တွေ့မရှောင်တို့နှင့်လည်း ထိုးသတ်ခဲ့ဖူးသူဖြစ်သည်။ ဝါးထိုးဝါးကွဲ၊ ကျားထိုးကျားလဲ ဆိုသည့် လက်သီးမျိုးပိုင်ဆိုင်ထားသည့် တာတိုးဝါးနှင့် ဝင်းထွန်းတို့ တွေ့ဆုံမည့်ပွဲမှာ ပရိသတ်များအတွက် အလဲအကွဲများကို ကြည့်ရှုရမည့် ပွဲမျိုးဖြစ်သည်။ တိုက်စစ်ဖွင့်ထိုးတတ်သည့် တာတိုးဝါးမှာဒူးတိုက်ချက်ကလည်း ပြင်းထန်လှသူဖြစ်သည်။ ဝင်းထွန်းနှင့် တာတိုးဝါးမှာ ယခင်က သုံးကြိမ်တွေ့ ဆုံထားပြီး ဝင်းထွန်းက နှစ်ကြိမ်အနိုင်ရထားပြီး တစ်ပွဲသရေကျထားသည်။

စောငမန်း-ဒေါင်းညိုလေး

နာမည်ကြီး လက်ဝှေ့သမားပေါင်းများစွာကို အနိုင်ယူ၍ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် အောင်မြင်ခဲ့သူ စောငမန်းက ယခင်အောင်မြင်မှုများကို ယခုအချိန်တွင် ပြန်လည်ရယူနိုင်ရန် အထူးကြိုးစားလျက်ရှိသည်။ လက်သီးတွဲလုံးများ၊ တံတောင်ရိုက်ချက်များကောင်းသည့် ဒေါင်းညိုလေး အနေဖြင့် စောငမန်းကို မည်သို့ရင်ဆိုင်မည်ဆိုသည်မှာ စိတ်ဝင်စားစရာပင်ဖြစ်သည်။ ပထမဦးဆုံး တွေ့ဆုံထိုးသတ်ကြမည့် စောငမန်းနှင့် ဒေါင်းညိုလေးတို့ ကြိုးဝိုင်းထဲမှ မည်သည့်ရလဒ် ထွက်ပေါ်လာမည်ဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

အလဲထိုး အနိုင်ပွဲများဖြင့် နိုင်ပွဲဆက်နေသူ တွေ့မရှောင်။

၂၀၀၈ - ၂၀၀၉ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်မှ (၁၅) ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

သုခါဝါသဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၇

ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် သုခါဝါသဓမ္မရိပ်သာ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၈၁)တွင် (၆၁) ကြိမ်မြောက် မိုးကုတ်ဝိပဿနာ (၁၀)ရက်စခန်းပွဲကို စက်တင်ဘာ ၁ရက်မှ ၁၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ စခန်းပွဲတွင် ဆရာတော် အရှင်စန္ဒသာရ(ကျောင်းကုန်း) မိုးကုတ်ဝိပဿနာ သာသနာပြုနယ်လှည့် ဓမ္မကထိက ဓမ္မာစရိယက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝိပဿနာအလုပ်ပေးတရားတော်များ ဟောကြားမည်ဖြစ်ရာ ဖုန်း-၅၃၇၃၂၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (ကြေးမုံ)

တောင်တရုတ်ပင်လယ်ပြင်၌မုန်တိုင်းဖြစ်ပေါ်နေ

ရန်ကုန် ဩဂုတ် ၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေကွက်ကျား၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဂွမြို့တွင် ၁၁ဒသမ ၃၀လက်မ၊ ဘားအံမြို့တွင် ၆ဒသမ ၂၉လက်မ၊ ဘီးလင်းမြို့တွင် ၆ဒသမ ၁၈လက်မ၊ သထုံမြို့တွင် ၅ဒသမ ၇၅လက်မ၊ မော်လမြိုင်မြို့တွင် ၄ဒသမ ၈၅လက်မ၊ ကော့ကရိတ်မြို့တွင် ၄ဒသမ ၇၂လက်မ၊ သံတွဲမြို့တွင် ၄ဒသမ ၄၈လက်မ၊ ကျိုက္ခမီမြို့တွင် ၄ဒသမ ၀၆လက်မ၊ မုဒုံမြို့တွင် ၃ဒသမ ၂၇လက်မ၊ ရေးမြို့တွင် ၃ဒသမ ၁၉လက်မနှင့် ဟသ်ာတမြို့တွင် ၂ဒသမ ၈၇လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ထူးခြားသည့်အခြေအနေ။ ။ယနေ့မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင် (တုံကင်ပင်လယ်ကွေ့)တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း(ကမ်ပူရီ)သည် ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၏အရှေ့ဘက် မိုင် ၂၅၀ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပြီး အနောက်ဘက်သို့ ရွေ့လျားလျက်ရှိသည်။

၂၀၀၈ခုနှစ် ဩဂုတ်လ ၈ရက် ညနေထိ ခန့်မှန်းချက်။ ။စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀မှ ၄၅မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၈ဒသမ ၈ဒီဂရီစင်တီဂရိတ် (၈၃ ဒီဂရီဖာရင်ဟိုက်) ၆-၈-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ဒသမ ၇ဒီဂရီစင်တီဂရိတ်	(၆၉ ဒီဂရီဖာရင်ဟိုက်)	၇-၈-၂၀၀၈
၀၉း၃၀ နာရီအချိန်စိုထိုင်းဆ	၁၀၀ ရာခိုင်နှုန်း	၇-၈-၂၀၀၈
နေပူသည့်နာရီပေါင်း	မရှိပါ	၆-၈-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၇-၈-၂၀၀၈	၄၅မမ (၁ဒသမ၇၇လက်မ)	၃၈မမ (၁ဒသမ၄၉လက်မ)	၄၅မမ (၁ဒသမ၇၇လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၁၇၀၅ မမ (၆၇ဒသမ၁၂လက်မ)	၁၉၂၈မမ (၇၅ဒသမ ၉၀လက်မ)	၂၃၃၁မမ (၉၁ဒသမ ၇၇လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၆-၈-၂၀၀၈ ရက် ၁၆း၀၀နာရီတွင် အနောက်ဘက်မှ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်သည်။

ဧရာဝတီမြစ်နှင့် ချောင်းမြစ်ရေ အခြေအနေ

နေပြည်တော် ဩဂုတ် ၇

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲအချိန် တိုင်းထွာချက်အရ ဟသ်ာတမြို့တွင် ၁၃၄၃စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၆၂၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀၀စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အီရန်သို့လာသော အနောက်နိုင်ငံသားများ လက်ဗွေနှိပ်ရမည်

တီဟီရန် ဩဂုတ် ၆

အငြင်းပွားလျက်ရှိသော နျူကလီးယား အစီအစဉ်နှင့် ပတ်သက်ပြီး အီရန်နိုင်ငံအား အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် ပြင်သစ်တို့က ဖိအားပေးလျက်ရှိသည်။ အီရန်သို့လာသော အဆိုပါနိုင်ငံများမှ နိုင်ငံသားများအား လက်ဗွေနှိပ်ရမည်ဟု အီရန်ရဲတပ်ဖွဲ့က ဇူလိုင် ၄ ရက်တွင် ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်သို့ ခရီးသွားကြသော အီရန်နိုင်ငံသားများသည် လက်ဗွေနှိပ်ပေးရခြင်းနှင့် ရင်ဆိုင်နေရသည်ကို တုံ့ပြန်သည့်အနေဖြင့် အဆိုပါကိစ္စ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ထိပ်တန်းတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ အိုင်အာရ်အင်န်အေ သတင်းဌာနက ဖော်ပြသည်။

အမေရိကန်နှင့် ဗြိတိန်နိုင်ငံသားများသည် အီရန်သို့လာလျှင် အပြန်အလှန်အားဖြင့် လက်ဗွေနှိပ်သည့် စည်းကမ်းကိုလိုက်နာရမှာဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးရုံးမှ အကြီးအကဲ ဂိုလမ်ရီဇာရီဇာအိယန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကနေဒါနိုင်ငံ မန်နီတိုဘာဒေသတွင် ဘတ်စ်ကားစီးခရီးသည်ချင်း သတ်ဖြတ်မှုနှင့် ပတ်သက်သည့် မော်တော်ယာဉ်အား ရဲတပ်ဖွဲ့က မှတ်တမ်းယူစစ်ဆေးနေသည်ကို ဩဂုတ် ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီတလီနိုင်ငံမြို့ကြီးများတွင် မှုခင်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ကိုကူညီရန် စစ်ဘက်တပ်ဖွဲ့များ ဖြန့်ချထား

ရောမ ဩဂုတ် ၆

အီတလီနိုင်ငံအတွင်းမှုခင်းနှိမ်နင်းရေးအတွက် ရဲတပ်ဖွဲ့ကို ကူညီရန် ဩဂုတ် ၄ ရက်က စစ်ဘက်တပ်ဖွဲ့ဝင် တစ်ထောင်ကျော်ကို ဖြန့်ချထားရန် ဝန်ကြီးချုပ် ဆေဗီယိုဘာလူစကိုနီက ညွှန်ကြားလိုက်သည်။

တပ်ဖြန့်ချထားမှုအရ မကြာမီ တပ်ဖွဲ့ဝင်အင်အား ၃၀၀၀ အထိ တိုးမြှင့်ချထားမည်ဖြစ်သည်။ နိုင်ငံလုံခြုံရေး ပြုလုပ်ရန် ဧပြီလ ရွေးကောက်ပွဲတွင် ကတိပေးခဲ့သည့် ကွန်ဆာဗေးတစ် ခေါင်းဆောင်က တရားဥပဒေစိုးမိုးရေး လှုံ့ဆော်မှုအဖြစ် လုပ်ဆောင်ချက်ဖြစ်သည်။

မီလန်မြို့ ဒူယိုမိုခရစ်ယာန် ဘုရားကျောင်း၊ သံရုံးများနှင့်ကောင်စစ်ဝန်ရုံးများ၏ ဝန်းကျင်နေရာများကို စောင့်ကြပ်ရန် ရဲတပ်ဖွဲ့နှင့် လမ်းများ တစ်လျှောက်ကင်းလှည့်ရန် စစ်ဘက်တပ်ဖွဲ့များကို ရောမ၊ မီလန်၊ တူရင်နှင့် ပါလာမိုမြို့တို့သို့ စေလွှတ်ခဲ့သည်။

၎င်းတို့သည် တရားမဝင်ရွှေ့ပြောင်း ဝင်ရောက်လာသူများကို ထိန်းသိမ်းထားသည့် စခန်းများကိုလည်း စောင့်ကြပ်မည် ဖြစ်သည်။ အီတလီနိုင်ငံတွင်ရာဇဝတ်မှုထူပြောရသည့်ကိစ္စနှင့် ပတ်သက်၍တရားမဝင် ရွှေ့ပြောင်း ဝင်ရောက်လာသူများကိုအစိုးရက ပြစ်တင်ဝေဖန်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီတလီနိုင်ငံတွင် ရာဇဝတ်မှုများကို ရဲတပ်ဖွဲ့နှင့်အတူ နှိမ်နင်းရန်အတွက် တာဝန်ချထားသော တပ်ဖွဲ့ဝင်တစ်ဦးကို ရောမမြို့ တစ်နေရာ၌ ဩဂုတ် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နီပေါ၌ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွား

ခတ္တမန္ဒူ ဩဂုတ် ၆

နီပေါနိုင်ငံ အနောက်အလယ်ပိုင်း ဟူမာလာဒေသ ဆိုင်ဒါကျေးရွာ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားလျက်ရှိရာ ကလေးကိုးဦးထက်မနည်း သေဆုံးပြီး လူဒါဇင်ပေါင်းများစွာ ဖျားနာနေကြောင်း ခတ္တမန္ဒူပို့စ် သတင်းဌာနက တနင်္လာနေ့တွင်ဖော်ပြသည်။

မထိန်းချုပ်နိုင်

ရောဂါဖြစ်ပွားရာတွင် ဆေးဝါးအလုံအလောက် မရရှိနိုင်သဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုကို ယခုချိန်ထိ မထိန်းချုပ်နိုင်သေးကြောင်း အဆိုပါသတင်းစာတွင် ဖော်ပြထားသည်။ ဆာဒါ၊ ဆာတာနှင့် ဟန်ဂူဒေသတို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေသူ ၁၀၀ခန့်ရှိကြောင်း ဖွံ့ဖြိုးရေးကော်မရှင် အတွင်းရေးမှူး ဂါဂျာဘာရိုကာယာက အတည်ပြုပြောကြားသည်။

ဒေသဆိုင်ရာကျန်းမာရေးရုံးတွင် ဆေးဝါးမရှိလျှင် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကူးစက်ပျံ့နှံ့သွားနိုင်ကြောင်း ရိုကာယာက ပြောကြားသည်။

အင်တာနက်။

ဘိုလီးဗီးယား၌ ဘတ်စ်ကားချောက်ထဲကျ အနည်းဆုံး ၃၈ ဦး သေဆုံး

ဘိုဂိုတာ ဩဂုတ် ၆

ဘိုလီးဗီးယားနိုင်ငံ တောင်ဘက်တွင် ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် အနည်းဆုံး ၃၈ ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၄ ရက်တွင် ပြောကြားသည်။

ဘိုလီးဗီးယားနိုင်ငံတောင်ပိုင်းရှိ တာရီဂျာ -အင်တာရီအိုစ်အဝေးပြေးလမ်းတွင် ပြည်နယ်တွင်း ပြေးဆွဲနေသည့် ဘတ်စ်ကားတစ်စီးသည် မီတာ ၅၀ အမြင့်ရှိ ချောက်ကမ်းပါးထဲသို့ ဩဂုတ် ၃ ရက် ညပိုင်းက ထိုးကျခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြင်သစ်မြောက်ပိုင်း၌ လေဆင်နှာမောင်းတိုက်ခတ် သုံးဦးသေဆုံးပြီး အိမ်ခြေအများအပြား ပျက်စီး

လဲလီ (ပြင်သစ်) ဩဂုတ် ၆

ပြင်သစ်နိုင်ငံ မြောက်ပိုင်းတွင် တစ်ညလုံး လေဆင်နှာမောင်းငယ်တစ်ခု တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခတ်မှုကြောင့် သုံးဦးသေဆုံးပြီး နေအိမ်များပျက်စီးကာ ဒေသအတွင်း အပျက်အစီး အစအနများ ပြန့်ကျဲလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သေဆုံး

ဘယ်လ်ဂျီယံနိုင်ငံ နယ်စပ်အနီးရှိ ဟော့မောင့်မြို့တွင်လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၄၀ ခန့် ပျက်စီးခဲ့ရသည်။ သေဆုံးသူ သုံးဦးသည်အိမ်များပြိုကျမှုကြောင့် သေဆုံးရပြီး အခြားခြောက်ဦး ဒဏ်ရာရရှိသွားသည်။

ပြင်းထန်

ဘော့စ်ဆီရီ-ဆာ-ဆမ်ဘရီ ကျေးရွာအနီးတွင် လူသုံးဦး ဒဏ်ရာရရှိပြီး နှစ်ဦးမှာ ဒဏ်ရာပြင်းထန်သည်။ အခြားမြို့ နှစ်မြို့တွင်လည်း မုန်တိုင်းတိုက်ခတ်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးလေဆိပ်၌ ကလေးတစ်ဦး ကျန်ရစ်

တဲလ်အဗစ် ဩဂုတ် ၆

အစ္စရေးနိုင်ငံ ဘင်ဂူရီယန်လေဆိပ်ရှိ ဆိုင်တစ်ဆိုင်တွင် မိဘနှစ်ပါးက မေ့လျော့ကာ ထားရစ်ခဲ့သော အသက်သုံးနှစ်အရွယ် မိန်းကလေးတစ်ဦးကို လေဆိပ်ဝန်ထမ်းများက တွေ့ရှိထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်း၏ မိဘများသည် ကလေးငါးဦးအနက် ကျန်လေးဦးနှင့်အတူ ပါရီမြို့သို့သွားသော လေယာဉ်ပေါ်သို့ တက်သွားခဲ့ကြသည်။ လေယာဉ်ပျံတက်ပြီး လေယာဉ်မှူးက ကလေးတစ်ယောက်ကျန်ရစ်ကြောင်း မိဘများအား အကြောင်းကြားသည့်အချိန်အထိ ၎င်းတို့၏ ကလေးကျန်ရစ်နေသည်ကို မသိရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းတို့ကျန်ရစ်ခဲ့သော ကလေးကို ပါရီမြို့သို့သွားမည့် လေယာဉ်ဖြင့် တင်ပေးရန် စီစဉ်ထားသည်။ အစ္စရေးသို့ ကလေး၏မိဘများ ပြန်ရောက်လာလျှင် စစ်ဆေးမေးမြန်းခြင်း ခံရမည်ဖြစ်သည်။

ခရီးသည်များသည် အများအားဖြင့် ၎င်းတို့၏ ခရီးဆောင်အိတ်များ မေ့ကျန်တတ်ကြသော်လည်း ယခုကဲ့သို့ ကလေးမေ့ကျန်သည့်အဖြစ်မျိုး မကြုံတွေ့ဖူးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့် ၂၀၀၈ ခုနှစ် အိုလံပစ်ပွဲတော် ရေကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ရေကူးအကျော်အမော်များ လေ့ကျင့်နေကြသည်ကို ဩဂုတ် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

မြန်မာ-ကူဝိတ် စီးပွားရေးနှင့်ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်း ပိုမိုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူလက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၇

မြန်မာ-ကူဝိတ် စီးပွားရေးနှင့်ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဌာနဆိုင်ရာများနှင့် ကူဝိတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mustafa Jassim Al-Shamali နှင့် အဖွဲ့ဝင်များ ဆီဒိုးနားဟိုတယ် Ballroom (3) ၌ တွေ့ဆုံ၍ မြန်မာ-ကူဝိတ် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

အဆိုပါဆွေးနွေးပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၊ ကူဝိတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး HE. Mr. Mustafa Jassim A1-Shamali နှင့် ကူဝိတ် စီးပွားရေး ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ Mr. Khaled Abdullah Hamad A1-Sagar နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကူဝိတ်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr.Khaled Abdullah Hamad A1-Sagar က အမှာစကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကူဝိတ်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr.Khaled Abdullah Hamad A1-Sagar တို့သည် မြန်မာ-ကူဝိတ် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်း ပိုမိုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူ လက်မှတ်ရေးထိုးကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် ကူဝိတ်နိုင်ငံ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

The Mirror သတင်းဆောင်းပါးအညွှန်း

p ငွေးအောင်(ခရီးသွား)၏ *"ပန်းနဲ့ပေါက်တာဆိုသော်လည်း..."* (ဆောင်းပါး) စာမျက်နှာ-၆၊၇

p စိုးညွန့်(ကြေးမုံ)၏ *"ပေကျင်း အိုလံပစ်ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့"* (သတင်းဆောင်းပါး) စာမျက်နှာ-၉

p စိုးညွန့်(ကြေးမုံ)၏ *"နိုင်ငံတကာ ပြိုင်ပွဲများအတွက် လူရွေးချယ်မည့် ပထမတန်း ရိုးရာလက်ဝှေ့ကျော်များ၏ လက်ရည်စစ်ပွဲ"* (သတင်းမှတ်စု-ဓာတ်ပုံ) စာမျက်နှာ-၁၀